# ကြေးမုံ
# The Mirror

၁၃၇၂ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၅ ရက်၊ ဗုဒ္ဓဟူးနေ့ (13-10-2010) (၆၅၅၀)


| နိုင်ငံရေး ဦးတည်ချက် (၄)ရပ် | စီးပွားရေး ဦးတည်ချက်(၄)ရပ် | လူမှုရေး ဦးတည်ချက် (၄)ရပ် |
|---|---|---|
| * နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး<br>* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး<br>* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး<br>* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး | * စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး<br>* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး<br>* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး<br>* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး | * တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး<br>* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး<br>* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး<br>* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး |

## မြို့နယ်ကော်မရှင်အဖွဲ့ခွဲက မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များအား မဲပေးခြင်းဆိုင်ရာ လုပ်ငန်းစဉ်များ ရှင်းလင်းပြောကြား

**နေပြည်တော်　　အောက်တိုဘာ　　၁၂**

နေပြည်တော်ခရိုင် ဇမ္ဗူသီရိမြို့နယ် ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးသိန်းထွန်းနှင့် အဖွဲ့ခွဲ အဖွဲ့ဝင်များသည် အောက်တိုဘာ ၁၀ ရက် နံနက် ၇ နာရီမှ ညနေ ၆ နာရီခွဲအထိ မြို့နယ်အတွင်းရှိ ရပ်ကွက်ကြီးများဖြစ်သော ပညာသိဒ္ဓိရပ်ကွက်၊ ဝဏ္ဏသိဒ္ဓိရပ်ကွက်၊ သုခသိဒ္ဓိရပ်ကွက်၊ ဉာဏသိဒ္ဓိရပ်ကွက်နှင့် ဗလသိဒ္ဓိရပ်ကွက်များရှိ မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် အဖွဲ့ဝင် ၃၈၀ တို့အား တွေ့ဆုံ၍ သက်ဆိုင်ရာ စုရပ်အသီးသီး၌ ဆန္ဒမဲပေးခြင်းဆိုင်ရာလုပ်ငန်းစဉ်များ ရှင်းလင်းပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ယနေ့ ကြေးမုံ သတင်းအညွှန်း

မန္တလေးမြို့တွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မြေနိမ့်ရပ်ကွက်တချို့ ရေဝင်ရောက်ရာမှ ရေလျော့နည်းမှု အခြေအနေများ စစ်ဆေး။

(သတင်း)စာမျက်နှာ - ၉

ကမ္ဘာလှည့်ခရီးသည်များ ဝင်ထွက်သွားလာနေသည့် သံတွဲလေဆိပ် လေယာဉ်ပြေးလမ်း အဆင့်မြှင့်တင်ခြင်း၊ တိုးချဲ့ခြင်း ဆောင်ရွက်နေ။

(သတင်း)စာမျက်နှာ - ၇



ပုသိမ်-မုံရွာကားလမ်းမကြီးအပိုင်း(၂) အဖွဲ့ ၁၇ ဖွဲ့ဖြင့် လုပ်ငန်းများ အပိုင်းလိုက်ခွဲ၍ လမ်းလုပ်ငန်းများ ဆောင်ရွက်။

(သတင်း)စာမျက်နှာ - ၁၀



ယူကရိန်း၌ ရထားနှင့် ဘတ်စ်ကားတိုက် လူ ၄၃ သေဆုံး၊ ရှစ်ဦး ဒဏ်ရာရ။

(သတင်း) စာမျက်နှာ - ၆



# ဖွံ့ဖြိုးသာယာ ယောနယ်က တောမရွာ



*ပုံတောင် ပြာပြာ*
*ပုံညာ မှိုင်းမှိုင်း. . . .။*
*မောချောင်း ရေပြာပြာနှင့်*
*ချစ်စရာသူတို့ ယောပေမို့*
*သဘောဖြူ ယောသူရွာကိုလှ*
*အခါခါစာဆို တမ်းရတယ်*
*လွမ်းမျက်ရည်ဝိုင်း။ ။*

ထီးလင်းမြို့နယ်ရှိ တောမရွာ၊ အင်းနားရွာ၊ ကင်းပန်းရွာ၊ ကဇွန်းထောင့်ရွာများသို့ ရောက်ရှိတိုင်း မောချောင်းရေပြာပြာနှင့် မောချောင်းကမ်းပါးတစ်လျှောက်တွင် သီးနှံစိုက်ပျိုးထားသည့် စိမ်းစိုနေသော စိုက်ခင်းများကို မြင်တွေ့ရသောအခါ ထီးလင်းမြို့နယ်မဂ္ဂဇင်းပါ မောင်နီဝင်း(ပခုက္ကူ) ရေးသားသည့် အထက်ပါ "ယောသူတို့ရွာ" ကဗျာကလေးကို ရွတ်ဆိုမိပါသည်။

အပြောကျယ်သည့် ယောနယ်ရှိ ထီးလင်းမြို့နယ်ကို စာရေးသူ သုံးကြိမ်ရောက်ဖူးခဲ့ပါသည်။ **စာမျက်နှာ ၈ ကော်လံ ၁ သို့**☆

**သတင်းဆောင်းပါးနှင့် ဓာတ်ပုံ-ကလေးဝင်းသူ**

အဆင်အပြင် - နိုင်လင်းကြည်

**တောမရွာအတွင်း နေထိုင်ကြသော ဒေသခံပြည်သူများ ဗဟုသုတရှာမှီးရာ စာကြည့်တိုက်နှင့် ကျန်းမာရေးအထောက်အကူပြုဆေးခန်းကို တွေ့ရစဉ်။**



ယောနယ်အတွင်း ဆက်သွယ်သွားလာမှု လွယ်ကူစေရေးအတွက် နိုင်ငံတော်က တည်ဆောက်ပေးထားသော မောချောင်းတံတားကို တွေ့ရစဉ်။

၁၃-၁၀-၂၀၁၀
(ဗုဒ္ဓဟူးနေ့)

# မြန်မာ-ထိုင်း ချစ်ကြည်ရင်းနှီးမှု တိုးမြှင့် ကုန်သွယ်စီးပွားလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်

မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့သည် အိမ်နီးချင်းနိုင်ငံများဖြစ်ကြပြီး ရေမြေ တောတောင် သဘာဝချင်း ဆက်စပ်လျက်ရှိသည်။ယဉ်ကျေးမှုဓလေ့ထုံးစံချင်းလည်း တူညီကြသည်။

အိမ်နီးချင်းနိုင်ငံများ ဖြစ်ကြသည်နှင့်အညီ နှစ်နိုင်ငံဆက်ဆံရေးသည် ချစ်ကြည်ရင်းနှီးမှု၊ အပြန်အလှန်လေးစားမှုနှင့် ကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ကောင်းမွန်လျက်ရှိသည်။ နှစ်နိုင်ငံခေါင်းဆောင်များ အပြန်အလှန် လည်ပတ်မှုများရှိသဖြင့် ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုများနှင့် ချစ်ကြည်ရင်းနှီးမှုများ ပိုမိုသွက်လက်ခိုင်မာလျက်ရှိသည်။

ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ အဘီဆစ်ဝဲ့ချာချီဝ ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်၏ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံ၌ ချစ်ကြည်ရေးခရီး လည်ပတ်ရန် အောက်တိုဘာ ၁၁ ရက်က နေပြည်တော်သို့ ရောက်ရှိလာသည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် မြန်မာနိုင်ငံ၌ ချစ်ကြည်ရေးခရီး ရောက်ရှိနေသည့် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ အဘီဆစ် ဝဲ့ချာချီဝ ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ လက်ခံတွေ့ဆုံသည်။ ယင်းသို့ တွေ့ဆုံရာတွင် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာများကို အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ အဘီဆစ် ဝဲ့ချာချီဝသည် မြန်မာနိုင်ငံ ချစ်ကြည်ရေးခရီးစဉ်အတွင်း နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်နှင့် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌တွေ့ဆုံပြီး နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှု စဉ်ဆက်မပြတ် တိုးမြှင့်ခိုင်မာရေး၊ နှစ်နိုင်ငံနယ်စပ်ဒေသများ၌ တရားဥပဒေစိုးမိုးရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုးမြှင့်ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးကြသည်။ ထို့အပြင် စီးပွားရေးနှင့် နည်းပညာပူးပေါင်းဆောင်ရွက်ရေး၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေး၊ ခရီးသွားလုပ်ငန်းမြှင့်တင်ရေး ကိစ္စရပ်များကိုလည်း ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့သည် ယဉ်ကျေးမှုဓလေ့ထုံးစံချင်း တူညီမှုအပေါ် အခြေခံသည့် အိမ်နီးချင်းနိုင်ငံများဖြစ်ကြသည်နှင့်အညီ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများတိုးမြှင့်လျက်ရှိရာ တိုးတက်မှုရလဒ်ကောင်းများ ဖြစ်ထွန်းနေသည်။ ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ အဘီဆစ် ဝဲ့ချာချီဝ ဦးဆောင်သော ချစ်ကြည်ရေးခရီးစဉ်သည် အစဉ်အဆက် ဖြစ်တည်နေသည့် မြန်မာ-ထိုင်း နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုကို တိုးမြှင့်ခိုင်မာစေရုံသာမက နှစ်နိုင်ငံ အကျိုးတူ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်ဖော်ဆောင်နိုင်မည်ဖြစ်ပါသည်။ ။

# ပန်းတနော်မြို့နယ် ဆန်စပါးလုပ်ငန်းအသင်း ဆိုင်းဘုတ်တင်

ပန်းတနော် အောက်တိုဘာ ၁၂

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ပန်းတနော်မြို့နယ်တွင် မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်း မြို့နယ်ဆိုင်းဘုတ်တင်ပွဲ အခမ်းအနားကို အောက်တိုဘာ ၄ ရက် နံနက်က မြို့နယ်အသင်းရုံးရှေ့၌ ကျင်းပသည်။

အသင်းဆိုင်းဘုတ်အား မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြဦး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်/လယ်ယာ ခရိုင်မန်နေဂျာ ဦးတိုးလွင်နှင့် အသင်းဥက္ကဋ္ဌ ဦးစိန်ဝင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)** (၅၄၇)



ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# ဝန်ကြီး ဦးအောင်သောင်း ကျောက်ဆည်စက်မှုနယ်မြေရှိ စက်ရုံများ ကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၁၂

**အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် အောက်တိုဘာ ၁၀ ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် စက်မှုနယ်မြေရှိ အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း ဘိလပ်မြေစက်ရုံ (ကျောက်ဆည်)သို့ ရောက်ရှိကြည့်ရှုစစ်ဆေးသည်။**

## ကြည့်ရှုစစ်ဆေး

**အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း ကျောက်ဆည်စက်မှုနယ်မြေရှိ အိမ်သုံးပစ္စည်းလုပ်ငန်း၏ ဖိနပ်စက်ရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။** (စက်မှု-၁)



## မှာကြား

ထိုမှတစ်ဆင့် ဝန်ကြီးသည် မြန်မာ့ဆေးဝါးနှင့် စားသောက်ကုန်လုပ်ငန်း ပလတ်စတစ်စက်ရုံ (ကျောက်ဆည်)၊ အိမ်သုံးပစ္စည်းလုပ်ငန်း၏ ဖိနပ်စက်ရုံနှင့် မြန်မာ့အထည်အလိပ်လုပ်ငန်း၏ စွပ်ကျယ်စက်ရုံ (ကျောက်ဆည်)တို့သို့ ရောက်ရှိပြီး စက်ရုံအလိုက် ထုတ်ကုန်ပစ္စည်း ထုတ်လုပ်မှုလုပ်ငန်းအဆင့်ဆင့်၊ ထုတ်လုပ်ပြီးပစ္စည်းများနှင့်စက်များကို ကြည့်ရှုစစ်ဆေးပြီး ကုန်ထုတ်လုပ်မှုရည်မှန်းချက် အောင်မြင်ရေး၊ အရည်အသွေးနှင့် အဆင်ဒီဇိုင်းကောင်းမွန်ရေး၊ တီထွင်ကြံဆလုပ်ကိုင်ရေးနှင့် စေတနာထား ကြိုးစားလုပ်ကိုင်ရေးတို့ကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ၂၀၁၀ ခုနှစ် ကမ္ဘာ့စာပို့တိုက်နေ့ အခမ်းအနားကျင်းပ

နေပြည်တော် အောက်တိုဘာ ၁၂

**၂၀၁၀ ခုနှစ် ကမ္ဘာ့စာပို့တိုက်နေ့ အထိမ်းအမှတ်အခမ်းအနားနှင့် (၃၉)ကြိမ်မြောက် နိုင်ငံတကာပေးစာရေးပြိုင်ပွဲ (ပြည်တွင်းအဆင့်)တွင် ဆုရရှိသူများနှင့် နိုင်ငံတကာတံဆိပ်ခေါင်း ဖိတ်ခေါ်ဒီဇိုင်းပြိုင်ပွဲ(နိုင်ငံတကာအဆင့်)တွင် ဆုရရှိသူများအား ဆုချီးမြှင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၉ ရက် မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ခန်းမဆောင်၌ ကျင်းပသည်။**

အခမ်းအနားတွင် ဆက်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေး မှူးချုပ်က နှုတ်ခွန်းဆက်စကား ပြောကြားပြီး ဒုတိယညွှန်ကြားရေးမှူးက ကမ္ဘာ့စာပို့တိုက်သမဂ္ဂ ညွှန်ကြားရေးမှူးချုပ်ထံမှ ပေးပို့သော သဝဏ်လွှာကို ဖတ်ကြားသည်။ ဆက်လက်၍ ၂၀၁၀ ခုနှစ် နိုင်ငံတကာလူငယ်များ ပေးစာရေးပြိုင်ပွဲ (ပြည်တွင်းအဆင့်)တွင် ပထမ၊ ဒုတိယ၊ တတိယ၊ နှစ်သိမ့်ဆုသုံးဆုနှင့် အထူးဆုသုံးဆုတို့ကို ဆွတ်ခူးရရှိသော ကျောင်းသား၊ ကျောင်းသူများနှင့် နိုင်ငံတကာတံဆိပ်ခေါင်း ဖိတ်ခေါ်ဒီဇိုင်းပြိုင်ပွဲ (နိုင်ငံတကာအဆင့်)တွင် ဆုရရှိသူများအား ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ဆုရရှိသူများကိုယ်စား နိုင်ငံတကာလူငယ်များ ပေးစာရေးပြိုင်ပွဲ (ပြည်တွင်းအဆင့်)တွင် ပထမဆုရ မြောင်းမြမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းမှ မယုမွန်မွန်အောင်က ကျေးဇူးတင်စကားပြောကြားပြီး ပေးစာရေးပြိုင်ပွဲတွင် အကဲဖြတ် ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ပညာရေးစီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ရှင်းလင်းပြောကြားသည်။

အခမ်းအနားအပြီးတွင် ညွှန်ကြားရေးမှူးချုပ်နှင့် တက်ရောက်လာကြသူများသည် ကမ္ဘာ့စာပို့တိုက်နေ့ အထိမ်းအမှတ် အခမ်းအနား၌ ခင်းကျင်းပြသထားမှုများကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**၂၀၁၀ ခုနှစ် ကမ္ဘာ့စာပို့တိုက်နေ့ အထိမ်းအမှတ် အခမ်းအနားနှင့် (၃၉)ကြိမ်မြောက် နိုင်ငံတကာ ပေးစာရေးပြိုင်ပွဲ(ပြည်တွင်းအဆင့်)တွင် ဆုရရှိသူများနှင့် နိုင်ငံတကာတံဆိပ်ခေါင်း ဖိတ်ခေါ်ဒီဇိုင်းပြိုင်ပွဲ (နိုင်ငံတကာအဆင့်)တွင် ဆုရရှိသူများအား ဆုချီးမြှင့်ပွဲ အခမ်းအနား၌ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် နှုတ်ခွန်းဆက်စကား ပြောကြားစဉ်။** (သတင်းစဉ်)





# ဘောလခဲမြို့နယ်၌ မဲရုံသရုပ်ပြပွဲ အခမ်းအနားကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၂**

ဘောလခဲခရိုင် ကော်မရှင်အဖွဲ့ခွဲ၏ ကြီးကြပ်မှု၊ မြို့နယ် ကော်မရှင်အဖွဲ့ခွဲ၏ စီစဉ်ဆောင်ရွက်မှုဖြင့် မဲရုံသရုပ်ပြပွဲ အခမ်းအနားကို အောက်တိုဘာ ၆ ရက်နှင့် ၉ ရက်တို့တွင် ဘောလခဲမြို့ ရှမ်းပိုင်းရပ်ကွက်နှင့် ကယားပိုင်းရပ်ကွက် မဲရုံများ၌ ကျင်းပရာ ပြည်သူလူထု ၁၅၀ ကျော် တက်ရောက်၍ ဆန္ဒမဲပေးခြင်းကို လက်တွေ့ဆောင်ရွက်ကြသည်။

## ရှင်းလင်းပြောကြား

အခမ်းအနား၌ မြို့နယ်ကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကိုကြီးက သရုပ်ပြပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

## လက်တွေ့သရုပ်ပြ

ဆက်လက်၍ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးဦးရယ်၊ အဖွဲ့ခွဲ အဖွဲ့ဝင် ဦးအောင်ကျော်မင်းတို့က မဲဆန္ဒရှင် ၁၀ဦးနှင့်အတူ မဲရုံအတွင်း ဝင်ရောက်မဲပေးပုံနည်းစနစ်များကို လက်တွေ့သရုပ်ပြသရာ ခရိုင်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ဦးခင်စောက ပြကွက်တစ်ကွက်ချင်းအပေါ် ပြည်သူများအား ရှင်းလင်းပြောပြပြီး မဲဆန္ဒရှင်များ၏ မေးမြန်းချက်များကို ဖြေကြားခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ကိုင်းတန်းလမ်းနေ ဦးကျင်မောင်-ဒေါ်စိန်စိန်မိသားစုက ထာဝရ အထွေထွေပဒေသာပင်နှင့် သောက်သုံးရန်ရေလှောင်ကန်သစ်ကြီးအတွက် ငွေကျပ်ငါးသိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ တွဲဖက်ဘဏ္ဍာရေးမှူး ဦးချစ်မြိုင်ထံ ပေးအပ်လှူဒါန်းစဉ်။** (ကြေးမုံ)



# ကျိုင်းတုံ-မိုင်းခတ်လမ်းတစ်လျှောက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ တိုင်းမှူး ဗိုလ်မှူးချုပ်သန်းထွန်းဦး ကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၁၂

**ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သန်းထွန်းဦးသည် တာဝန်ရှိသူများလိုက်ပါလျက် အောက်တိုဘာ ၇ ရက် နံနက်ပိုင်းတွင် ကျိုင်းတုံ-မိုင်းခတ် ကားလမ်းတစ်လျှောက် မိုးစပါးစိုက်ပျိုးထားရှိမှုအခြေအနေများနှင့် လမ်းပြုပြင်ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မိုင်းခတ်တပ်နယ် နယ်မြေခံတပ်ရင်းအတွင်း ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။**

ထို့နောက် တိုင်းမှူးသည် မိုင်းယန်းတပ်နယ် နယ်မြေခံတပ်ရင်းခန်းမ၌ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် တွေ့ဆုံ၍ အမှာစကားပြောကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးကာ စားသောက်ကုန်ပစ္စည်းနှင့် အားကစားပစ္စည်းများ ပေးအပ်၍ နယ်မြေခံတပ်ရင်းအတွင်း ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် မိုင်းယန်းမြို့ (၂၅)ခုတင်ဆံ့ ဆေးရုံသစ် ဆောက်လုပ်ရေးစီမံကိန်း ရှင်းလင်းဆောင်သို့ ရောက်ရှိရာ တာဝန်ရှိသူတစ်ဦးက ဆေးရုံအဆောက်အအုံ ဆောက်လုပ်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက လိုအပ်သည်များမှာကြားကာ ဆေးရုံသစ်အဆောက်အအုံကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းမှူးသည် မိုင်းယန်းမြို့ ပြည်သူ့ဆေးရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးကာ လူနာများအား စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



# ဝန်ကြီး ဦးသိန်းဇော် ဝန်ထမ်းအိမ်ရာနှင့် စိုက်ခင်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် အောက်တိုဘာ ၁၂**

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဇော်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့တွင် နေပြည်တော်ခရိုင် ဇမ္ဗူသီရိမြို့နယ် သုခသိဒ္ဓိရပ်ကွက်ရှိ ဝန်ထမ်းအိမ်ရာများသို့ သွားရောက်၍ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ၏ သီးပင်၊ စားပင်၊ ပန်းအလှပင်များနှင့် နှစ်ရှည်ပင်များ စိုက်ပျိုးထားရှိမှုနှင့် ဝန်ထမ်းအိမ်ရာများ သန့်ရှင်းသာယာ သပ်ရပ်မှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများအား ရင်းနှီးစွာအားပေးစကား ပြောကြားကာ လိုအပ်သည်များ ဖြည့်ဆည်းပေးခဲ့ကြောင်း သတင်းရရှိသည်။**(အပေါ်ပုံ)** (သတင်းစဉ်)

# သစ်တောသစ်ပင် ဒို့ချစ်ခင် အစဉ်စိုက်ပျိုး အလှတိုး

# ပဲခူးတိုင်းဒေသကြီး ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးချုပ်စိန်မြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနား တက်ရောက်

**နေပြည်တော် အောက်တိုဘာ ၁၂**

ပဲခူးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးချုပ်စိန်မြင့်သည် အောက်တိုဘာ ၁ ရက်တွင် ပြည်မြို့ မြို့တော်ခန်းမ၌ ကျင်းပသော မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနားသို့ တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ တိုင်းရဲတပ်ဖွဲ့မှူးက ရဲတပ်ဖွဲ့နေ့သဝဏ်လွှာကို ဖတ်ကြားပြီး ရဲတပ်ဖွဲ့နေ့အထိမ်းအမှတ် ထူးချွန်ဆု ရရှိကြသူတို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် တိုင်းဒေသကြီး ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အခမ်းအနားသို့ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဒုတိယဥက္ကဋ္ဌက အမှာစကားပြောကြားပြီး အဘိုး၊ အဘွားများအား လှူဖွယ်ပစ္စည်းများ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းကြရာ တိုင်းဒေသကြီး ဒုတိယဥက္ကဋ္ဌက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ထို့နောက် အဘိုးအဘွားများက ဆုတောင်းမေတ္တာပို့သကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ အုတ်ဖိုမြို့ အခြေခံပညာအထက်တန်းကျောင်း ကျောင်းဆောင်သစ်ဆောက်လုပ်နေမှုကိုလည်းကောင်း၊ လက်ပံတန်းမြို့နယ်ရှိ ရေတံခါး တည်ဆောက်မည့်နေရာကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး သင်တောရိုးကျေးရွာ၌ ကျင်းပသည့် မိုးစပါး စုပေါင်းရိတ်သိမ်းပွဲသို့ တက်ရောက်အားပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ရွှေးကောက်ပွဲဆိုင်ရာလုပ်ငန်းသင်တန်း ဗဟန်းမြို့နယ်၌ ဖွင့်လှစ်

**ရန်ကုန် အောက်တိုဘာ ၁၂**

ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်အနောက်ပိုင်းခရိုင် ဗဟန်းမြို့နယ် ကျိုက္ကဆံရပ်ကွက် ကော်မရှင်အဖွဲ့ခွဲက စီစဉ်ဖွင့်လှစ်သော ရွှေးကောက်ပွဲဆိုင်ရာလုပ်ငန်းသင်တန်းဖွင့်ပွဲကို အောက်တိုဘာ ၁၀ ရက် နံနက်က အစိုးရအလယ်တန်းကျောင်း ဗဟန်းအမှတ်(၂)၌ ကျင်းပသည်။

သင်တန်းတွင် ဗဟန်းမြို့နယ် ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးဝင်းနိုင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ကော်မရှင်အဖွဲ့ဝင် ဦးကိုကိုလေး(ရန်ကင်းကိုကိုလေး)က မဲရုံမှူးများ၊ ဒုတိယမဲရုံမှူးများနှင့် မဲရုံအဖွဲ့ဝင်များ၏ လုပ်ငန်းတာဝန်များကို ရှင်းလင်းပို့ချပြီး မြို့နယ်ကော်မရှင်အဖွဲ့ဝင် ဦးနိုပ်စောနန်းက တွေ့ကြုံနိုင်သော အခက်အခဲများနှင့် စပ်လျဉ်း၍ ကြိုတင်စီစဉ်ဆောင်ရွက်ထားနိုင်ရန် ကိစ္စများကို တင်ပြသည်။

ဆက်လက်၍ ကျိုက္ကဆံရပ်ကွက် ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးခင်မောင်ဇော်က မဲရုံသရုပ်ပြမှုအစီအစဉ်ကို အသေးစိတ်ရှင်းလင်းတင်ပြပြီး မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးဝင်းနိုင်က မဲရုံအဖွဲ့ဝင်များ မေးမြန်းသည့် မေးခွန်းများကို ရှင်းလင်းဖြေကြားသည်။

သင်တန်းသို့ မဲရုံမှူး၊ ဒုတိယမဲရုံမှူး၊ မဲစာရင်းစစ်ဆေးသူ၊ မဲလက်မှတ်ထုတ်ပေးသူနှင့် လုံခြုံရေးဆောင်ရွက်သူ စုစုပေါင်း ၁၇၄ ဦးတက်ရောက်ကြကြောင်း သိရှိရသည်။ (ကြေးမုံ)



**ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် အထက(၁) မိဘဆရာအသင်း အစည်းအဝေး၊ အလှူငွေပေးအပ်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို အောက်တိုဘာ ၂ ရက်က သံလွင်ခန်းမ၌ ကျင်းပရာ ငါးဘာသာဂုဏ်ထူးရှင် မမေရတနာအောင်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်ဝေ ဆုချီးမြှင့်စဉ်။** (ပညာရေး)

# ကိုယ်အင်္ဂါပြန်လည်သန့်စွမ်းရေး ဆေးပညာအဖွဲ့ ညီလာခံကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၁၂**

မြန်မာနိုင်ငံဆရာဝန်အသင်း (ဗဟို) ကိုယ်အင်္ဂါပြန်လည်သန့်စွမ်းရေး ဆေးပညာအဖွဲ့၏ သတ္တမအကြိမ်မြောက် ညီလာခံကို အောက်တိုဘာ ၁၅ ရက်နှင့် ၁၆ ရက်တို့တွင် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ မြန်မာနိုင်ငံဆရာဝန်အသင်း ခန်းမဆောင်(အေ)၌ ကျင်းပမည်ဖြစ်ရာ အကြောအဆစ် အထူးကုဆရာဝန်များ၊ အထွေထွေရောဂါကုဆရာဝန်များ၊ ဆေးကျောင်းသားများ၊ သူနာပြုဆရာမများ၊ ခြေတုလက်တု ကျွမ်းကျင်ပညာရှင်များ၊ အကြောကျွမ်းကျင်ပညာရှင်များနှင့် စိတ်ပါဝင်စားသူများ တက်ရောက်နိုင်ကြပြီး အောက်တိုဘာ ၁၃ ရက်နှင့် ၁၄ ရက် မွန်းတည့် ၁၂ နာရီမှ ညနေ ၄နာရီအထိ ရန်ကုန်ပြည်သူ့ဆေးရုံကြီး အကြောအဆစ်ရောဂါကုပညာ (ပြင်ပလူနာ)ဌာနနှင့် အောက်တိုဘာ ၁၅ ရက် နံနက် ၈ နာရီမှ ၈နာရီခွဲအတွင်း ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်း မြန်မာနိုင်ငံဆရာဝန်အသင်း ခန်းမဆောင် (အေ)၌ မှတ်ပုံတင်နိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ကော့သောင်းမြို့နယ် ရွှေဟသာ်ရပ်ကွက် ယာယီသက်သေခံစိစစ်ရေးကတ်ပြား ထုတ်ပေး

**ကော့သောင်း အောက်တိုဘာ ၁၂**

ကော့သောင်းမြို့နယ် ရွှေဟသာ်ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ စက်တင်ဘာ ၂၁ ရက်က ပြည်သူများကို ယာယီသက်သေခံစိစစ်ရေးကတ်ပြား ၅၇ ကတ် ပေးအပ်ပွဲ ကျင်းပသည်။

အခမ်းအနားသို့ ရွှေဟသာ်ရပ်ကွက် တိုက်နယ်မှူး၊ လက်ထောက်လဝကမှူး ဦးလှငွေနှင့် ရွှေဟသာ်ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များနှင့် ပြည်သူများတက်ရောက်ကြပြီး လက်ထောက်လဝကမှူး ဦးလှငွေက ပြည်သူများအား တစ်ဦးချင်း လက်မှတ်ထိုး၍ ယာယီသက်သေခံစိစစ်ရေးကတ်ပြားများ ထုတ်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(အောက်ပုံ)** (မြို့နယ်လဝက)



# ကိုရီးယား EPS အလုပ်သမားခေါ်ယူမှုလုပ်ငန်းစဉ် ဆက်လက်ဆောင်ရွက်သွားရန် အကျုံးဝင်သူများ အလုပ်လျှောက်လွှာတင်နိုင်

**နေပြည်တော် အောက်တိုဘာ ၁၂**

၂၀၀၉ ခုနှစ် နိုဝင်ဘာ ၂၇ ရက်တွင် ခေတ္တရပ်ဆိုင်းသွားသော ကိုရီးယား EPS အလုပ်သမားခေါ်ယူမှု လုပ်ငန်းစဉ်ကို မြန်မာနိုင်ငံ အလုပ်သမားဝန်ကြီးဌာန၏ ညှိနှိုင်းချက်အရ ဆက်လက်ဆောင်ရွက်သွားရန်ရှိကြောင်း သိရှိရသည်။

၂၀၀၈ ခုနှစ် နိုဝင်ဘာ ၃ ရက်က ထုတ်ပြန်ထားသည့် EPS- KLT စာမေးပွဲအောင်စာရင်း၌ ပါဝင်ပြီး EPS စနစ် Roster တန်းစီဇယားတွင် ပါဝင်သည့် ကိုရီးယားသို့ သွားရောက်ရန် စောင့်ဆိုင်းနေသူများသည် EPS- KLT (ယခု EPS-TOPIK )၏ သက်တမ်းအရ ၂၀၁၀ခုနှစ် နိုဝင်ဘာ ၂ ရက်အထိ အကျုံးဝင်သည်။ ထိုသို့ အကျုံးဝင်သူများအား အလုပ်လျှောက်လွှာများ ပြန်လည်ခေါ်ယူ၍ Roster စာရင်း ပြန်လည်ရေးသွင်းမည်ဖြစ်ရာ အလုပ်လျှောက်လွှာများကို အောက်တိုဘာ ၁၄ ရက်မှ ၂၀ ရက်အထိ အစိုးရ ပြည်ပအလုပ်အကိုင် ဝန်ဆောင်မှုအေဂျင်စီ (Government Overseas Employment Agency)အမှတ်(၈/၁) နဂါးရုံဘုရားလမ်း (၅)ရပ်ကွက် မရမ်းကုန်းမြို့နယ် ရန်ကုန်မြို့၌ ထုတ်ပေးမည်ဖြစ်ပြီး ကျန်းမာရေးဆေးစစ်ချက်နှင့်အတူ အောက်တိုဘာ ၁၈ ရက်မှ ၂၄ ရက်အထိ လျှောက်လွှာများ ပြန်လည်လက်ခံမည်ဖြစ်သည်။ ပြန်လည်စာရင်းရေးသွင်းမည့် Roster တန်းစီဇယား၏ သက်တမ်းမှာ နောက်ထပ်တစ်နှစ်ဖြစ်သည်။ လျှောက်လွှာကို ပြန်လည်မတင်သွင်းလျှင် EPS- KLT သက်တမ်းသည် မူလအတိုင်း နိုဝင်ဘာ ၂ ရက်တွင် ကုန်ဆုံးမည်ဖြစ်သည်။

လျှောက်လွှာလက်ခံရန် ပထမအကြိမ်ဆေးစစ်ခြင်းကို ရန်ကုန်မြို့ ဗိုလ်အောင်ကျော်လမ်းရှိ Nine Star Poly Clinic နှင့် ရန်ကုန်မြို့ ရှစ်မိုင်ရှိ သမားတော်ဆေးခန်းတို့၌ မိမိတို့ အစီအစဉ်ဖြင့် လျှောက်လွှာတွင် ပူးတွဲဖော်ပြထားသည့် ရောဂါများကို စစ်ဆေးရန် ဖြစ်သည်။ တန်းစီဇယားရေးသွင်းပြီးနောက် အလုပ်အကိုင်ခန့်ထားခြင်းအရ ဆေးစစ်ခြင်းကို အလုပ်သမားပို့ဆောင်သော Government Overseas Employment Agency က ကြီးကြပ်စစ်ဆေးပေးသွားမည်ဖြစ်သည်။

တန်းစီဇယားတွင် အကျုံးဝင်သူများအား ကိုရီးယားအလုပ်ရှင်များက ရွေးချယ်နိုင်ရန်အတွက် တန်းစီခြင်းဖြစ်ရာ မိမိတို့၏ ကျန်းမာရေး၊ တတ်ကျွမ်းမှုအတတ်ပညာများအပေါ် မူတည်၍ ကိုရီးယားအလုပ်ရှင်က ရွေးချယ်သွားမည်ဖြစ်သည်။ အလုပ်ရှင်က ရွေးချယ်မှသာ ကိုရီးယားနိုင်ငံသို့ သွားရောက်အလုပ်လုပ်ကိုင်နိုင်မည်ဖြစ်သည်။

ကိုရီးယားနိုင်ငံ၏ EPS စနစ်အရ အလုပ်သမားပို့ဆောင်ခြင်း လုပ်ငန်းကို Government Overseas Employment Agency တစ်ခုတည်းကသာ ဆောင်ရွက်သွားမည်ဖြစ်ပြီး မြန်မာနိုင်ငံရှိ မည်သည့်ပုဂ္ဂိုလ်၊ ကုမ္ပဏီ၊ အဖွဲ့အစည်းနှင့်မျှ ပူးပေါင်းဆောင်ရွက်မှုမရှိပါ။ EPS စနစ်အရ အလုပ်ရှာဖွေသူများအနေဖြင့် ကိုရီးယားနိုင်ငံ အလုပ်အကိုင်နှင့် အလုပ်သမားဝန်ကြီးဌာနမှ အသိအမှတ်ပြုထားသည့် တရားဝင် ပေးဆောင်ရမည့် ငွေကြေးမှအပ အခြားမည်သည့်ပုဂ္ဂိုလ်၊ ကုမ္ပဏီ၊ အဖွဲ့အစည်းကိုမျှ ငွေကြေးတစ်စုံတစ်ရာ ပေးရန်မလိုပါ။

ကိုရီးယားနိုင်ငံ၌ အလုပ်အကိုင်ရရှိမည်/အလုပ်အကိုင်ရရှိရန် ဆောင်ရွက်ပေးမည်ဟူသော မြူဆွယ်ဖြားယောင်းသွေးဆောင်မှုများကို ယုံကြည်၍ ငွေကြေးတစ်စုံတစ်ရာပေးပါက ပေးသည့် အလုပ်သမားလောင်းကသာ ဆုံးရှုံးမည်ဖြစ်သည်။ ထို့အပြင် သွေးဆောင်ဖြားယောင်း၍ ငွေကြေးရယူလက်ခံသည့် ပုဂ္ဂိုလ်၊ ကုမ္ပဏီ၊ အဖွဲ့အစည်းများအနေဖြင့်လည်း ဥပဒေအရ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



**အောက်တိုဘာ ၁၀ ရက်က အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်း လမ်းမတော်မြို့နယ်၏ ၂၀၀၉-၂၀၁၀ ပညာသင်နှစ်အတွက် ပညာရည်ချွန်ဆုပေးပွဲကို ယင်းကျောင်းခန်းမ၌ကျင်းပရာ တက္ကသိုလ်ဝင်စာမေးပွဲ၌ ခြောက်ဘာသာဂုဏ်ထူးဆုရရှိသူ မဇင်နွယ်ဦး (Top-10) အား ကျောင်းအုပ်ကြီး ဦးလေးဆွေ ဂုဏ်ပြုဆုချီးမြှင့်စဉ်။**

(ကြေးမုံ)

# အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းရေးပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် အောက်တိုဘာ ၁၂

**အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းရေးပါတီ ပြန်ကြားရေးတာဝန်ခံ ဦးမူဟာမတ်ဆော်လိမ်က ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို အောက်တိုဘာ ၁၂ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။**

**အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**



**မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေ။**

**မိဘပြည်သူများနှင့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများခင်ဗျား-**

ကျွန်တော်ကတော့ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းရေးပါတီ (National Development and Peace Party) ရဲ့ ပြန်ကြားရေးတာဝန်ခံ ဦးမူဟာမတ်ဆော်လိမ် ဖြစ်ပါတယ်။

ကျက်သရေ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံတဲ့ ယခုလိုအခါသမယမှာ မိဘပြည်သူများနဲ့ မြန်မာပြည်တစ်ဝန်းမှာ ဥမကွဲသိုက်မပျက် ချစ်ခင်ရင်းနှီးစွာ အေးအတူပူအမျှ လက်တွဲနေထိုင်လာခဲ့ကြတဲ့ တိုင်းရင်းသားညီအစ်ကိုမောင်နှမများကို ရုပ်မြင်သံကြားမှတစ်ဆင့် ကျွန်တော်တို့ပါတီရဲ့ မူဝါဒ၊ သဘောထားနဲ့ လုပ်ငန်းစဉ်များကို တင်ပြခွင့်ရတဲ့အတွက် ကျေးဇူးဥပကာရ အထူးတင်ရှိပါကြောင်း ဦးစွာပြောကြားလိုပါတယ်။

ကျွန်တော်တို့ရဲ့ NDP ပါတီဟာ ရန်ကုန်တိုင်းဒေသကြီးနဲ့ ရခိုင်ပြည်နယ် မောင်တောခရိုင် ဘူးသီးတောင် မောင်တောမှာအခြေစိုက်ပါတယ်။ ကျွန်တော်တို့ပါတီကို ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် (၁၈) ဦးနဲ့ ဖွဲ့စည်းတည်ထောင်ထားပြီး အဖွဲ့ဝင်များအဖြစ် တိုင်းရင်းသားလူမျိုးပေါင်းစုံ ပါဝင်ကြပါတယ်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အဝှမ်း မကြာမီ ကြီးကျယ်ခမ်းနားစွာ ကျင်းပတော့မယ့် အထွေထွေရွေးကောက်ပွဲကြီးမှာ အခြားသော တိုင်းရင်းသားညီအစ်ကိုမောင်နှမပါတီများနည်းတူ ကျွန်တော်တို့ရဲ့ NDP ပါတီကလည်း တက်ကြွစွာ ဝင်ရောက်ယှဉ်ပြိုင် အရွေးချယ်ခံမှာဖြစ်ပါတယ်။

**ထာဝစဉ်ရှိသေလေးစားအပ်ပါသော မိဘပြည်သူများနှင့် ချစ်ခင်လေးစားရပါသော တိုင်းရင်းသား ညီအစ်ကိုမောင်နှမအပေါင်းတို့ခင်ဗျား-**

ကျွန်တော်တို့ရဲ့ NDP ပါတီဟာ ကျွန်တော်တို့အာဏာရရှိရေး၊ ကျွန်တော်တို့ပါတီသာ အနိုင်ရရှိရေးစတဲ့ ကျဉ်းမြောင်းတဲ့ရည်ရွယ်ချက်မျှသာ ထားရှိတဲ့ပါတီ မဟုတ်ပါဘူး။ ကျွန်တော်တို့ပါတီရဲ့ ရည်ရွယ်ချက်ကတော့ လွတ်လပ်ပြီး တရားမျှတတဲ့ အထွေထွေရွေးကောက်ပွဲကြီး ထမြောက်အောင်မြင်ဖို့ရယ်၊ အဲဒီရွေးကောက်ပွဲကြီးကနေ ကျွန်တော်တို့လူမျိုး၊ ကျွန်တော်တို့နိုင်ငံအတွက် အင်မတန်လိုအပ်နေတဲ့ "ခေတ်မီ ဖွံ့ဖြိုးတိုးတက်ပြီး ထာဝစဉ်ငြိမ်းချမ်းသာယာသော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး" အဖြစ် အသွင်ပြောင်းတည်ဆောက်နိုင်ဖို့ပဲ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ပါတီဟာ မကြာမီကျင်းပတော့မယ့် အထွေထွေရွေးကောက်ပွဲကြီးမှာ အုတ်တစ်ချပ်၊ သဲတစ်ပွင့်ပမာ ကွက်လပ်ဖြည့် ဝင်ရောက်ယှဉ်ပြိုင်ခြင်းသာဖြစ်ပါကြောင်း အစီရင်ခံတင်ပြရခြင်း ဖြစ်ပါတယ်။

**မိဘပြည်သူအပေါင်းတို့ခင်ဗျား-**

"ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး ထာဝစဉ်ငြိမ်းချမ်းသာယာသော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး" အဖြစ် အသွင်ပြောင်းတည်ဆောက်နိုင်ဖို့အတွက် ကျွန်တော်တို့ NDP ပါတီရဲ့ ဖွဲ့စည်းပုံစည်းမျဉ်း၊ မူဝါဒနှင့် လုပ်ငန်းစဉ်များကို ၁၄-၈-၂၀၁၀ ရက်နေ့က ကျယ်ကျယ်ပြန့်ပြန့် ထုတ်ပြန်ကြော်ငြာခဲ့ပြီးဖြစ်ပါတယ်။ အခု ဒီကနေ့တော့ ဒီနေရာကနေ မိဘပြည်သူများကို အရေးကြီးတဲ့ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်များကို ရွေးနုတ်ပြီး တင်ပြပါမယ်။

**တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအခန်းကဏ္ဍ**

ကျွန်တော်တို့နိုင်ငံတော်ကို ဒီမိုကရေစီမြင့်တင်မယ်ဆိုရင် ပြည်တွင်းတည်ငြိမ်ရေးနဲ့ စီးပွားရေးပြောင်းလဲမှုဟာ အဓိကအရေးကြီးဆုံးအချက်များ ဖြစ်ပါတယ်လို့ ကျွန်တော်တို့ပါတီက သဘောရပါတယ်။

ကျွန်တော်တို့နိုင်ငံဟာ ဒီမိုကရေစီရွှေတံခါးဝကို ကျွန်တော်တို့ရောက်နေကြပါပြီ။ ရွှေပြည်တော်ကြီး မျှော်တိုင်းလည်း မဝေးတော့ပါဘူး။ ဒါကို အမိမြန်မာမြေပေါ်မှာ တစ်မြေထဲနေတစ်ရေထဲသောက်ပြီး မှီတင်းနေထိုင်ကြတဲ့ တိုင်းရင်းသား၊ နိုင်ငံသား လူမျိုးပေါင်းစုံက တစ်စိတ်တည်း၊ တစ်ဝမ်းတည်း တက်ညီလက်ညီ စည်းလုံးညီညွတ်ကြဖို့ လိုအပ်ပါတယ်ဆိုတာ ရှေးဦးပထမ တင်ပြလိုပါတယ်။

**စီးပွားရေးအခန်းကဏ္ဍ**

ဒုတိယအချက်အဖြစ် တင်ပြလိုတာကတော့ နိုင်ငံရေးနဲ့ စီးပွားရေး၊ စီးပွားရေးနဲ့ နိုင်ငံရေးဟာ ခွဲခြားလို့မရဘူးဆိုတဲ့ အခြေခံအချက်ဖြစ်ပါတယ်။ ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး တည်ဆောက်ဖို့ဆိုရင် စီးပွားရေး အဆောက်အအုံကို ခေတ်မီစွာပြောင်းလဲပစ်နိုင်ရပါ့မယ်။ ကျွန်တော်တို့နိုင်ငံဟာ စိုက်ပျိုးရေးကို အခြေခံတဲ့ နိုင်ငံတော်ဖြစ်တာနဲ့အညီ ကျွန်တော်တို့ရဲ့ လယ်၊ ယာ၊ ကိုင်း၊ ကျွန်းတွေကို ကျွဲတွေ၊ နွားတွေနဲ့ စိုက်ပျိုးနေရဆဲဘဝကနေ ခေတ်မီ စက်မှုလယ်ယာဖြစ်အောင် ပြောင်းလဲပစ်နိုင်ရပါမယ်။ တောင်သူလယ်သမားဘဏ်များ တည်ဆောက်ပေးခြင်း၊ လယ်သမား၊ ယာသမားအား ငွေကြေးကူညီပံ့ပိုးပေးခြင်း၊ လွတ်လပ်စွာစိုက်ပျိုး၊ ကြိတ်ခွဲ၊ သိုလှောင်ခွင့်၊ ပြည်တွင်းပြည်ပ ရောင်းချခွင့်ပေးခြင်း၊ ပညာရှင်များ မွေးထုတ်ပေးခြင်း၊ သုတေသနလုပ်ခြင်း စတာတွေကို လုပ်ပေးဖို့လိုအပ်ပါတယ်။

ကျွန်တော်တို့နိုင်ငံဟာ သယံဇာတပေါများတဲ့နိုင်ငံ ဖြစ်ပါတယ်။ ထွက်ရှိတဲ့ သယံဇာတပစ္စည်းများကို ကုန်ကြမ်းအဖြစ်ရောင်းခြင်းထက် ခေတ်မီနည်းစနစ်များရရှိအောင် ကြိုးစားပြီး အဆင့်အတန်းမြင့်တဲ့ ကုန်ထုတ်ပစ္စည်းမျိုးစုံ ထုတ်လုပ်ပြီး နိုင်ငံတကာဈေးကွက်ထဲကို ထိုးဖောက်ဝင်ရောက် ရောင်းချနိုင်အောင် ပြုလုပ်ပေးပါမယ်။

ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံသူတွေကို ဖိတ်ခေါ်ပြီး စီးပွားရေးတံခါးဖွင့်ဝါဒကို ကျင့်သုံးပါ့မယ်။ ကမ္ဘာလှည့် ခရီးသွားလုပ်ငန်းများကိုလည်း တိုးချဲ့လုပ်ကိုင်နိုင်အောင် ဆောင်ရွက်ပေးပါမယ်။ စတော့ရှယ်ယာ ဈေးကွက်များကိုလည်း ဖန်တီးပေးပါမယ်။

ကျွန်တော်တို့နိုင်ငံဟာ ပထဝီစီးပွားရေးအမြင်အရ စီးပွားရေးတိုးတက်တဲ့ နိုင်ငံကြီးနှစ်နိုင်ငံကြားမှာရှိနေတဲ့အပြင် အာဆီယံစီးပွားရေးလမ်းကြောင်းရဲ့ အဓိကနေရာမှာ ရှိနေပါတယ်။ ဒါ့ကြောင့် နိုင်ငံများစွာဟာ ကျွန်တော်တို့နိုင်ငံကို ဖြတ်သန်းပြီး ရောင်းချင် ဝယ်ချင်အောင် မက်လုံးပေးခြင်း၊ နားလည်မှုယူခြင်းပြုကာ အင်မတန်ကောင်းမွန်တဲ့ အမြတ်အစွန်းရမယ့် လုပ်ငန်းတွေကို ဖော်ဆောင်ပေးပါမယ်။

သို့မှသာ ကျွန်တော်တို့ နိုင်ငံမှာ စက်မှုလယ်ယာ၊ ခေတ်မီ တိုးတက်တဲ့ စက်မှုလုပ်ငန်းကြီးများ ပေါ်ပေါက်လာကာ အလုပ်လက်မဲ့ ပြဿနာများ ပပျောက်စေမှာ ဖြစ်ပါတယ်။ တစ်ဦးချင်းဝင်ငွေ (GDP) တိုးတက်လာပြီး တိုင်းသူပြည်သားများ စားဝတ်နေရေး ပြည့်စုံကာ ချမ်းသာကြွယ်ဝတဲ့ နိုင်ငံတော်သစ်ကြီး ဖြစ်လာမှာ မလွဲပါဘူး။

**ပညာရေးအခန်းကဏ္ဍ**

တတိယအချက်ကတော့ ဒီမိုကရေစီနိုင်ငံတော်ဖြစ်ချင်ရင်၊ ဖွံ့ဖြိုးတိုးတက်ချင်ရင် တိုင်းသူပြည်သားများ၊ ကလေးလူကြီးများအားလုံး ဉာဏစွမ်းအား၊ ကာယစွမ်းအား တိုးတက်မြင့်မားဖို့ လိုပါတယ်။ ဒါကြောင့် ပညာရေးစနစ်၊ စာမေးပွဲစနစ်တွေကစပြီး သုတေသနလုပ်ငန်းများလုပ်ခြင်း၊ အဆင့်မြင့်လက်မှု၊ စက်မှုနည်းပညာများ ရရှိအောင် ကြိုးပမ်းပါ့မယ်။

**ကျန်းမာရေးအခန်းကဏ္ဍ**

စတုတ္ထအချက်ကတော့ လူတိုင်း ကျန်းမာရေးဗဟုသုတမြင့်မားအောင် လေ့ကျင့်ပေးပါ့မယ်။ အခမဲ့ဆေးဝါးကုသခွင့်ရရှိအောင် ဆောင်ရွက်ပေးပါ့မယ်။ ဒါ့အပြင် အမျိုးသားကျန်းမာရေးတိုးတက်အောင် ကျောင်းသားလူငယ်ဘဝကစပြီး အားကစားတစ်ခုခုကိုမဖြစ်မနေသင်ယူနိုင်အောင်စီမံပေးပါမယ်။ သို့မှသာ ကာယစွမ်းအား၊ ဉာဏစွမ်းအား မြင့်မားတိုးတက်ပြီး တိုင်းပြည်ရဲ့ ကျရာအခန်းကဏ္ဍကနေ ပါဝင်နိုင်မှာဖြစ်ပါတယ်။

**လူမှုရေးနှင့် ဘာသာရေးအခန်းကဏ္ဍ**

ပဥ္စမအချက်ကတော့ တိုင်းသူပြည်သားအချင်းချင်း ဆက်ဆံရာမှာ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာစတဲ့ ဗြဟ္မစိုရ်တရားတွေ ထွန်းကားစေဖို့ အတ္တဟိတ ပရဟိတ စိတ်ဓာတ်တွေ မျှတစေဖို့၊ လူမျိုးနဲ့ တိုင်းပြည်ကို ချစ်ခင်စေတတ်ဖို့ လေ့ကျင့်ပေးပါ့မယ်။ လာဘ်ပေး လာဘ်ယူကင်းစင်စေဖို့၊ NGO လုပ်ငန်းတွေ လုပ်ကိုင်နိုင်စေဖို့ သင်ကြားပေးပါ့မယ်။ ဘာသာရေးအားဖြင့် လွတ်လပ်စွာကိုးကွယ်ပိုင်ခွင့်ရှိအောင်လည်း ခွင့်ပြုပေးပါမယ်။

**အခြေခံလူ့အခွင့်အရေးကဏ္ဍ**

ဆဋ္ဌမအချက်ကတော့ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ လူတိုင်းမှာ မွေးရာပါ အခွင့်အရေးများဖြစ်တဲ့ Freedom ဆိုတဲ့ လွတ်လပ်ခွင့်၊ Eqality ဆိုတဲ့ သာတူညီမျှမှု၊ Justice ဆိုတဲ့ တရားမျှတမှုရအောင်လည်း ပြုလုပ်ပေးပါ့မယ်။ တိုင်းသူပြည်သားများအား ကျန်းမာရေးစောင့်ရှောက်မှု၊ ပညာရေးစောင့်ရှောက်မှု၊ ဘဝလုံခြုံရေး အာမခံချက်ရှိမှု၊ ဝင်ငွေ၊ ထွက်ငွေ မျှတစေမှု၊ သက်ကြီးရွယ်အိုဘဝ ရောက်သူတွေကို နိုင်ငံတော်က စရိတ်ထောက်ပံ့မှုတွေ လုပ်ပေးမှာဖြစ်ပါတယ်။ ဒီမိုကရေစီနဲ့လူ့အခွင့်အရေး အပြည့်အဝရဖို့၊ ဥပဒေနှင့်အညီ လွတ်လပ်စွာသွားလာ စီးပွားရှာပိုင်ခွင့်၊ နေထိုင်ခွင့်ရှိအောင်လည်း ပြုလုပ်ပေးပါ့မယ်။

**လေးစားအပ်ပါတဲ့ မိဘပြည်သူများနဲ့ တိုင်းရင်းသားများခင်ဗျား-**

ကျွန်တော် နိဂုံးချုပ်အနေနဲ့ တင်ပြလိုတာကတော့ ကျွန်တော်တို့နိုင်ငံဟာ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဆိုတဲ့ တိုင်းပြည်ရဲ့ အာဏာကြီး သုံးရပ်ကို ကျွန်တော်တို့လူမျိုး၊ ကျွန်တော်တို့ပြည်သူတွေရဲ့ဆန္ဒနဲ့အညီ အုပ်ချုပ်နိုင်အောင်စီမံရပါမယ်။ ကျွန်တော်တို့နဲ့ နိုင်ငံတော်ဟာ ကမ္ဘာတည်သရွေ့ တည်တံ့ခိုင်စေနိုင်ဖို့၊ ကျွန်တော်တို့နိုင်ငံဟာ မိမိတို့ရဲ့ အချုပ်အခြာအာဏာတည်တံ့ခိုင်စေဖို့ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးဖြစ်အောင် တည်ဆောက်မယ်လို့ သန္နိဋ္ဌာန်ပြုထားပါကြောင်း မိဘပြည်သူတွေကို ကတိပြုရင်း နိဂုံးချုပ်အပ်ပါတယ်။

မိဘပြည်သူများ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ။

## မြဝတီရုပ်မြင်သံကြား အစီအစဉ်

**၁၃-၁၀-၂၀၁၀ (ဗုဒ္ဓဟူးနေ့)**

**နံနက်ပိုင်း**

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ တရားတော်
၇း၁၅ ၃။ ဓမ္မပူဇာတေး
၇း၂၀ ၄။ မျိုးချစ်တပ်မတော်
၇း၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေး တေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
၈း၁၀ ၁၀။ အမျိုးသားရေး တေးကဗျာ
၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
၈း၁၆ ၁၂။ ပြီးပါပြီ။

**ညပိုင်း**

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၃၅ ၃။ အမျိုးသားရေး တေးကဗျာ
၄း၄၀ ၄။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၄း၅၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၅၅ ၆။ မျိုးချစ်တပ်မတော်
၅း၀၅ ၇။ ကျန်းမာကြံ့ခိုင် ဒို့နိုင်ငံ
၅း၁၅ ၈။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၅း၂၅ ၉။ တိုင်းကျိုးပြည်ပြု တည်ထောင်မှု
၅း၃၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၄၀ ၁၁။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -မာယာနှုတ်ခမ်း(အပိုင်း-၃)**
၆း၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၂၀ ၁၃။ အမျိုးသားရေးတေးကဗျာ
၆း၂၅ ၁၄။ လျှပ်တစ်ပြက်ရိုက်ချက်
၆း၃၅ ၁၅။ Mail Box
၆း၄၅ ၁၆။ ကာတွန်းအစီအစဉ် -ဆိုက်ကစ်ပါဝါ သူရဲကောင်းလေးများ (အပိုင်း -၁၁)
၆း၅၅ ၁၇။ ဘယ်လိုမဲပေးကြမလဲ
၇း၀၀ ၁၈။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ကြယ်စင်ညီအစ်မများ (အပိုင်း-၁၅)**
၈း၀၀ ၁၉။ မြဝတီရုပ်မြင်သံကြား သတင်း
၂၀။ အမျိုးသားရေး တေးကဗျာ
၂၁။ နိုင်ငံရေးပါတီများ ဟောပြောချက်
၂၂။ နိုင်ငံတကာသတင်း
၂၃။ မိုးလေဝသသတင်း
၂၄။ ရယ်စရာရွှင်စရာ ဟာသပဒေသာ -အဖေ့မှာတမ်း (မိုးယံဇွန်၊ ငြိမ်းချမ်း၊ ရေချမ်း၊ ကောင်းကျော်၊ ထက်ထက်၊ ဝိုင်းချစ်၊ စံလင်း၊ ချစ်ဖူး၊ ရီရီပွင့်ဖြူ၊ ယမုံရော၊ နှင်းယှဉ်မြင့်မိုရ်) [ဒါရိုက်တာ-မောင်ပြည့်ဝ (ပန်းဝေသီ)]
၂၅။ **Internet Website** ကဏ္ဍ
၂၆။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၇။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -တိမ်လွှာကြားက သိုင်းသမား(အပိုင်း-၂၄)**
၂၈။ သင့်အတွက်မနက်ဖြန်
၂၉။ အပိတ်နှုတ်ဆက်စကား
၃၀။ ပြီးပါပြီ။

**ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့**

# မြို (ခေါ်) ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့က ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် အောက်တိုဘာ ၁၂

**မြို (ခေါ်) ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့ ဒုတိယ ဥက္ကဋ္ဌ ဦးကျော်ထွန်းခိုင်က ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို အောက်တိုဘာ ၁၂ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြား အစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။**

**အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**



**လေးစားအပ်ပါသော တိုင်းရင်းသားပြည်သူအပေါင်းတို့ခင်ဗျား-**

ကျက်သရေမင်္ဂလာအဖြာဖြာနဲ့ ပြည့်စုံခညောင်းပြီး ကိုယ်၏ချမ်းသာခြင်း၊ စိတ်၏ချမ်းသာခြင်းတည်းဟူသော ကိုယ်စိတ်နှစ်ဖြာချမ်းသာခြင်းတို့ဖြင့် ပြည့်စုံကြပါစေလို့ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။

ကျွန်တော်ကတော့ ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်အမှတ်(၂)မှ မြို (ခေါ်) ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့ ကိုယ်စားပြု၍ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် အဖွဲ့ပါတီရဲ့ ဒု-ဥက္ကဋ္ဌ ဦးကျော်ထွန်းခိုင် ဖြစ်ပါတယ်။ ကျွန်တော်တို့အဖွဲ့အနေဖြင့် ရခိုင်ပြည်နယ်မှ (၇)ဦးနှင့် ချင်းပြည်နယ် ပလက်ဝမြို့နယ်မှ (၂)ဦး ပေါင်း(၉)ဦး လွှတ်တော်(၃)ရပ်တွင် ရွေးကောက်ပွဲ ပါဝင်ယှဉ်ပြိုင်ကြမယ် ဖြစ်ပါတယ်။ ခုလို နိုင်ငံတော်ပိုင် ရေဒီယို၊ ရုပ်မြင်သံကြားတို့မှ တင်ပြဟောပြောခွင့်ရရှိတဲ့အတွက် နိုင်ငံတော်နှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ကျေးဇူးတင်ရှိပါတယ်။ များစွာလည်း ဂုဏ်ယူဝမ်းမြောက်မိပါတယ်။

**လေးစားအပ်ပါသော တိုင်းရင်းသားပြည်သူအပေါင်းတို့ခင်ဗျား-**

ကျွန်တော်တို့ မြို (ခေါ်) ခမိ တိုင်းရင်းသား လူမျိုးသမိုင်းကြောင်းကို အချို့ မိဘပြည်သူအများအပြားတို့က မသိရှိကြသေးဘဲ ရှိနေဦးမှာဖြစ်တဲ့အတွက် အနည်းငယ် မိတ်ဆက်တင်ပြလိုပါတယ်။

ရှေးဘိုးဘေး၊ ဘီဘင်တို့ရဲ့ နှုတ်ဆင့်ကမ်းစကားအရလည်းကောင်း၊ မိမိတို့၏ ဘာသာစကား၊ တေးလက်ာပုံပြင်၊ ဝတ္ထုအရလည်းကောင်း၊ အနောက်မဖျိမမှ စစ်ဘေးဒဏ်ကြောင့် ဟိမဝန္တာတောင်ခြေများကို ဖြတ်ကျော်လျက် တိဗက်ကုန်းပြင်မြင့်သို့ ရောက်ရှိခဲ့ကြပါတယ်။ တိဗက်မှ တစ်ဆင့် အာသံ၊ မဏိပူရသို့ ရောက်ရှိလာခဲ့ကြပြီး နောက်တစ်ဖန် ၎င်း အာသံ၊ မဏိပူရမှ တစ်ဆင့် ခြေဦးတည့်ရာသွားကြပြန်ရာ ယခု ချင်းပြည်နယ် တောင်ပိုင်း ပလက်ဝမြို့ရဲ့ အရှေ့ဘက် (၁၀) မိုင်ကျော်ခန့်အကွာ မိမိတို့ရဲ့ ဘာသာစကားဖြင့် "ကီမာ" ခေါ်ဆိုသည့် ကျောက်ပန်းတောင်နှင့် နီလာပန်းတောင်သို့ ရောက်ရှိ အခြေချနေထိုင်ခဲ့ကြပါတယ်။ ယင်းမှတစ်ဆင့် အချို့တွေဟာ ဂစ္ဆပနဒီ (ကုလားတန်မြစ်) ရဲ့ အထက်အောက်နှင့် လေးမြို့မြစ်တစ်လျှောက် ပျံ့နှံ့စွာ ဆင်းသက်နေထိုင်ခဲ့ကြပါတယ်။ အချို့မှာ အရှေ့ပါကစ္စတန်(ဘင်္ဂလားဒေ့ရှ်)ထိ ရောက်ရှိပျံ့နှံ့ခဲ့ကြပါတယ်။

**လေးစားအပ်ပါသော တိုင်းရင်းသားပြည်သူအပေါင်းတို့ခင်ဗျား-**

ရှေးလူကြီး၊ သူမတို့၏ သက်ကြီးစကား၊ သက်ငယ်ကြားဆိုတဲ့စကားအရ ကျွန်တော်တို့ဟာ မိမိတို့ဘာသာစကားဖြင့် "ခေါ်မူနို့"မှ လာသည်ဟု ပြောလေ့ရှိကြပါတယ်။ "ခေါ်မူနို့"အဓိပ္ပာယ်ကတော့ ဂူထဲမှ (သို့) မှောင်မိုက်သည့်နေရာမှ (သို့) မိုးကောင်းကင်အောက်ဟု အဓိပ္ပာယ်ရပါတယ်။ နောင်အခါ "ခေါ်မူနို့" မှ "ခေါ်မီ"၊ "ခမီ" "ခမိ"ဖြစ်လာပါတယ်။ ဂူထဲမှလူ မနုဿလူသားဟူသော အဓိပ္ပာယ်ရပါတယ်။

ကျွန်တော်တို့ ရှေးဦးလူသားတွေဟာ ဂူထဲ၌ အနေကြာလာကြပြီးနောက် လူဦးရေ တဖြည်းဖြည်းတိုးပွားလာကြရာမှ ဂူထဲအနေမဆံ့၍လည်းကောင်း၊ အနာ၊ ရောဂါဘယများပြား၍လည်းကောင်း၊ အချင်းချင်း ပြဿနာရှိလာကြ၍ လည်းကောင်း အကြီးအကဲတို့ရဲ့ ခွင့်ပြုချက်အရ သဘာဝကျောက်ဂူခေါင်းထဲမှ အပြင်ထွက်ကြပြီး ခြံစည်းရိုးခုနစ်ထပ်ဖြင့် ကာရံလျက် နေထိုင်ကြပါတယ်။ ယင်းသို့ ခြံစည်းရိုးခုနစ်ထပ်ဖြင့် ကျားရဲ တိရစ္ဆာန်တို့၏ ဘေးရန်မှ ကာကွယ်နေထိုင်ခြင်းကို မြို (ခေါ်) ခမိဘာသာစကားဖြင့် "မရူဆရီကာ အဲဒတ်"ဟူ၍ ခေါ်ဆိုကြပါတယ်။ နောင်တွင် "မရူ"မှ"မရို"၊ "မြို" ဖြစ်လာပါတယ်။ ရှေးပညာရှိများက ကျွန်တော်တို့ ဘာသာစကား၊ ခြံစည်းရိုး အခေါ်ဝေါ် "မြို"ကို အခြေခံပြု၍ ခြံစည်းရိုးအတွင်းရှိ နေထိုင်လူ(လူမျိုး)၊ မြိုလူမျိုးဟူ၍ သမိုင်းမှတ်တမ်းများ တင်ခဲ့ကြပါတယ်။ ယင်းမှတစ်ဖန် "ခေါ်မူနို့"ကို အစွဲပြုပြီး မိမိတို့ဘာသာစကားဖြင့် အချင်းချင်းခေါ်ဝေါ် ရည်ညွှန်းပြောဆိုလေ့ ရှိကြတဲ့ "ခမိ"(လူသား)ကိုလည်း အမည်နာမပညတ်ပြီး ခေါ်ကြပါတယ်။

**လေးစားအပ်ပါသော တိုင်းရင်းသားပြည်သူအပေါင်းတို့ခင်ဗျား-**

ခရစ်သက္ကရာဇ်(၁၈၂၄)ခုနှစ်၊ အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲပြီးနောက် ရခိုင်နှင့် တနင်္သာရီကို ကိုလိုနီစနစ်ဖြင့် ဦးဆုံးနယ်ချဲ့တို့က ဖိနှိပ်အုပ်ချုပ်ခြင်းကို ရခိုင်တို့နှင့်အတူ ကျွန်တော်တို့ မြို (ခေါ်) ခမိ တိုင်းရင်းသားတွေဟာလည်း ခံခဲ့ကြရပါတယ်။

မြို (ခေါ်) ခမိ တိုင်းရင်းသားခေါင်းဆောင် ဦးစပင်နှင့် ဦးဆိန္ဒာတို့ဟာ ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ် မြောက်တောင်ကျေးရွာမှ အစပြုပြီး တုတ်၊ ဓား၊ ခဲယမ်း၊ မီးကျောက်စတဲ့ ရရာလက်နက်တို့ဖြင့် တော်လှန်တိုက်ခိုက်ခဲ့ကြပါတယ်။ လက်နက်ချင်းမမျှတဲ့အတွက် မြောက်တောင်ရွာမှ ဆုတ်ခွာရပြီး တင်းမ၊ မီးဝ၊ ပလက်ဝအထိလည်းကောင်း၊ ယင်းမှ မတူပီ၊ မင်းတပ်တို့မှလည်းကောင်း ဆုတ်ခွာကာ ခုခံတော်လှန်ခဲ့ကြပါတယ်။

နောက်တစ်ဖန် ကိုလိုနီခေတ်၊ နယ်ချဲ့ဆန့်ကျင်ရေး အမျိုးသားလွတ်မြောက်ရေး တိုက်ပွဲများတို့မှာလည်းပဲ အမျိုးသားရေး နိုးကြားမှုရှိကြတဲ့ ကျွန်တော်တို့ မြို (ခေါ်) ခမိ တိုင်းရင်းသားတွေဟာ ရှုပ်ရှုပ်ချွံချွံ ပါဝင်ခဲ့ကြပါတယ်။ ဥပမာအားဖြင့် ရခိုင်တိုင်းလုံးဆိုင်ရာ ဖဆပလဥက္ကဋ္ဌ ဦးပညာသီဟ ဦးဆောင်သော မြို (ခေါ်) ခမိ တိုင်းရင်းသားခေါင်းဆောင် ဦးအာဝင်း (ကျောင်းတိုက်ရွာ)နှင့် ဦးအောင်ဘန်း (အကြီးတော်မရွာ) ဒုတိယခေါင်းဆောင် မြောက်ဦးမြို့နယ်တို့ရဲ့ စီစဉ်မှုဖြင့် တိုင်းဖဆပလ ဥက္ကဋ္ဌ ဦးပညာသီဟရဲ့ မြို (ခေါ်) ခမိ အမျိုးသားများ ကိုယ်ရံတော်တပ်ဖွဲ့မှ ဗိုလ်ထွန်းအောင်ကျော် ခေါင်းဆောင်အဖွဲ့ဟာ ဂျပန်ဗိုလ်မှူးတာနာကာတပ်ဖွဲ့အား ဝင်ရောက်စီးနင်းတိုက်ခိုက်ချေမှုန်းခဲ့ကြပါတယ်။ ယင်းမှ တိုက်ပွဲစဉ်များ တစ်လျှောက်လုံးမှာ ကျွန်တော်တို့ အမျိုးသားတွေဟာ ရှေ့တန်းမှ ရခိုင်တိုင်းရင်းသားများနှင့်အတူ ပါဝင်တော်လှန်ခဲ့ကြပါတယ်။

**လေးစားအပ်ပါသော တိုင်းရင်းသားပြည်သူအပေါင်းတို့ခင်ဗျား-**

ပြည်ထောင်စုမြန်မာနိုင်ငံတော် လွတ်လပ်ရေးရပြီးနောက်ပိုင်း ဖဆပလ ပါလီမန် ဒီမိုကရေစီခေတ်တွင် ကျွန်တော်တို့အမျိုးသားတွေဟာ "မြိုအမျိုးသားစည်းလုံးညီညွတ်ရေးပါတီ" ကို တည်ထောင်ခွင့်ရရှိခဲ့ပါတယ်။ မိမိတို့လူမျိုး စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးစတဲ့ အခွင့်အလမ်းများရရှိအောင် ဆောင်ရွက်နိုင်ရန်အလို့ငှာ ဖြစ်ပါတယ်။ ယင်းခေတ်အချိန်၌ ကျွန်တော်တို့ အမျိုးသားတွေဟာ အသိပညာ ဗဟုသုတ နည်းပါးကြသေးတဲ့အတွက် ဝိဝါဒများ၊ ပုဂ္ဂိုလ်စွဲ၊ ဒေသစွဲများ ရှိနေကြ၍ ပါတီရဲ့ လူမျိုး၊ အမည်နာမကို သမိုင်းမှတ်တမ်းအရ"မြို" မှန်တယ် (သို့) မိမိတို့အချင်းချင်း ဘာသာစကားဖြင့် ရည်ညွှန်းခေါ်ဝေါ်ကြတဲ့ "ခမိ" မှန်တယ်လို့ အငြင်းပွားပြဿနာ ဖြစ်ခဲ့ဖူးကြပါတယ်။

**လေးစားအပ်ပါသော တိုင်းရင်းသားပြည်သူအပေါင်းတို့ခင်ဗျား-**

အခုတင်ပြခဲ့တဲ့ အဲဒီအစွဲအလမ်းတွေကြောင့် ကျွန်တော်တို့အမျိုးသားတွေဟာ တော်လှန်ရေးကောင်စီခေတ် (၁၉၇၁-၇၂) ခုနှစ်တွင် နိုင်ငံတော်မှ တိုင်းရင်းသားလူမျိုး သန်းခေါင်စာရင်းကောက်ခံတဲ့အခါ နေထိုင်တဲ့ဒေသ တစ်ခုစီရဲ့အစွဲ၊ ဝိဝါဒများကြောင့် "မြို" နှင့် "ခမိ" တိုင်းရင်းသားဟူ၍ နှစ်မျိုးဖြစ်လာကြပါတယ်။ တစ်ဝမ်းတည်းဖွား ညီအစ်ကို မောင်နှမအရင်းချာမှ လူမျိုး(၂)မျိုးလို ဖြစ်လာခဲ့ကြရပါတယ်။ ကျွန်တော်တို့ရဲ့ အဖွဲ့ပါတီမှာ ပါဝင်ဆောင်ရွက်ကြတဲ့ မြို့နယ်စုံမှ ဗဟို၊ မြို့နယ်၊ ကျေးရွာ အလုပ်အမှုဆောင်ကော်မတီတွေဟာ "မြို" လူမျိုးနဲ့"ခမိ"လူမျိုးဟူ၍ တစ်မျိုးစီဖြင့် နိုင်ငံသားစိစစ်ရေးကတ်၌ ကိုင်ဆောင်ထားကြသူများ ဖြစ်ကြပါတယ်။ အားလုံးတွေဟာ ဘာသာစကား၊ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများတူညီပြီး တစ်ဆွေတစ်မျိုးနွယ်တည်း ဖြစ်ကြပါတယ်။

**လေးစားအပ်ပါသော တိုင်းရင်းသားပြည်သူအပေါင်းတို့ခင်ဗျား-**

ကျွန်တော်တို့အမျိုးသားတွေဟာ ၁၉၈၈ ခုနှစ်တွင် နိုင်ငံတော်မှ နိုင်ငံရေးပါတီများကို မှတ်ပုံတင်လျှောက်ထားခွင့် ပြုလာတဲ့အခါ ပလက်ဝ၊ ကျောက်တော်၊ မြောက်ဦး၊ ပုဏ္ဏားကျွန်း၊ ဘူးသီးတောင်၊ ပေါက်တောမြို့နယ်ဒေသတို့မှ အမျိုးသားခေါင်းဆောင်တို့က ညီညွတ်စွာဖြင့် အဖွဲ့ပါတီ ထူထောင်ရေးကို အကြိမ်ကြိမ် ဆွေးနွေးညှိနှိုင်းခဲ့ကြ၍ အမျိုးသားထုတစ်ရပ်လုံး ဆန္ဒသဘောထား တူညီမှုအရ [၁၉၈၈-ခုနှစ်၊ နိုဝင်ဘာ(၁၄)ရက်]နေ့ ပေါက်တောမြို့နယ် ရေညှင်းချောင်းကျေးရွာ၌ မြို (ခေါ်) ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့ နိုင်ငံရေးပါတီကို အားလုံးသဘောတူညီစွာဖြင့် ဖွဲ့စည်းထူထောင်ခဲ့ကြပါတယ်။ ယင်းအချိန်၌ ကျွန်တော်တို့ အမျိုးသားတွေဟာ ရှိနေပြီးသော လူဦးရေအရ "မြို" အမည်နှင့် သုံးသောင်းကျော်၊ "ခမိ"အနေနှင့် နှစ်သောင်းကျော်ဖြစ်နေတဲ့အတွက် အနာဂတ် ဒီမိုကရေစီစနစ် ပေါ်ထွန်းလာမည့် ဖွဲ့စည်းပုံအခြေခံဥပဒေ၌ လူဦးရေကို အခြေခံပြီး လူမျိုးစုလွှတ်တော်ကိုယ်စားလှယ်များ ရရှိခွင့်ရှိလာနိုင်လိမ့်မယ်ဟူ၍ မျှော်မှန်းကြလျက် မြို (ခေါ်) ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့ကို ဖွဲ့စည်းတည်ထောင်လာကြခြင်းဖြစ်ပါတယ်။

**လေးစားအပ်ပါသော တိုင်းရင်းသားပြည်သူအပေါင်းတို့ခင်ဗျား-**

ကျွန်တော်တို့ မြို (ခေါ်) ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့ရဲ့ ရည်ရွယ်ချက်ကို တင်ပြပါမယ်-

(၁) ပြည်ထောင်စုမြန်မာနိုင်ငံ တည်တံ့ခိုင်မြဲရေးအတွက် အခြားတိုင်းရင်းသားများနှင့်အတူ လက်တွဲပါဝင်ဆောင်ရွက်ရန်။

(၂) စစ်မှန်သော ဒီမိုကရေစီထွန်းကားလာရေးအတွက် တိုင်းရင်းသားလူမျိုးများအားလုံးနှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်ရန်။

(၃) နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးတိုး တက် ရေး တို့ တွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်ရန်။

(၄) မိမိတို့၏ ဓလေ့ထုံးစံယဉ်ကျေးမှုနှင့် စည်းလုံးညီညွတ်မှုကို ထိန်းသိမ်းပြုစုပျိုးထောင်သွားရန်။

(၅) မိမိတို့၏ ယဉ်ကျေးမှုများကို အခြားတိုင်းရင်းသားများ သိရှိနားလည်ပြီး အချင်းချင်း ပိုမိုရင်းနှီးချစ်ကြည်မှုရရှိစေရန်တို့ ဖြစ်ပါတယ်။

ကျွန်တော်တို့အဖွဲ့ပါတီရဲ့ လုပ်ငန်းစဉ်များကို ဆက်လက်တင်ပြသွားပါမယ်-

(၁) တိုင်းရင်းသားများ အခွင့်အရေး တန်းတူရည်တူရှိနိုင်သည့် စစ်မှန်သော ဒီမိုကရေစီစနစ် ပေါ်ထွက်လာရေးအတွက် ပါဝင်ဆောင်ရွက်သွားမည်။

(၂) တိုင်းရင်းသားလူမျိုးများသည် မိမိတို့၏ကံကြမ္မာကို စီမံဖန်တီးဆောင်ရွက်နိုင်ခွင့် ရရှိရေးအတွက် ဆောင်ရွက်သွားမည်။

(၃) ပြည်ထောင်စုစိတ်ဓာတ်ဖြင့် တိုင်းရင်းသားများ စည်းလုံးညီညွတ်မှုကို တည်ဆောက်သွားမည်။

(၄) ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း မိမိတို့၏နေရာဒေသအလိုက် စီးပွားရေးလုပ်ငန်းများ အံဝင်ခွင်ကျအကောင်အထည်ဖော်နိုင်ရေးတို့ကို စနစ်တကျ ပြုစုပျိုးထောင်သွားမည်။

(၅) မိမိတို့နှင့် ရည်ရွယ်ချက်၊ လုပ်ငန်းစဉ်များတူညီသော အခြားအဖွဲ့အစည်းများနှင့် အခါအားလျော်စွာ ပူးပေါင်းပါဝင်ဆောင်ရွက်သွားမည်ဖြစ်ပါတယ်။

**လေးစားအပ်ပါသော တိုင်းရင်းသားပြည်သူအပေါင်းတို့ခင်ဗျား-**

မိမိနိုင်ငံနဲ့ မိမိတို့ ပြည်နယ်၊ မိမိတို့ဒေသ တိုင်းရင်းသားအားလုံးတို့ရဲ့ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးစတဲ့ လူမှုဖွံ့ဖြိုးရေး လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရေး ကိစ္စရပ်များကို အလေးအနက်ထားပြီး ဦးစားပေးဆောင်ရွက်သွားပါမည်။ လူသားချင်းအခွင့်အရေး တန်းတူရည်တူရှိမှုနှင့် ဥပဒေပါရပိုင်ခွင့် အကျိုးခံစားခွင့်ရရှိရေး ဆောင်ရွက်သွားပါမယ်။ ဒေသအလိုက် မြို့၊ ရွာများဖွံ့ဖြိုးရေး၊ တိုင်းရင်းသားလူမျိုးအသီးသီးရဲ့ စာပေ၊ ယဉ်ကျေးမှု ထွန်းကားပေါ်ပေါက်ရေး၊ အကျင့်စာရိတ္တမြင့်မားပြီး ဘက်စုံထူးချွန်တဲ့ လူငယ်လူရွယ်များပေါ်ထွန်းလာရေး၊ မိဘမဲ့ကလေးများ ပညာသင်ကြားနိုင်ရေးနဲ့ အလုပ်လက်မဲ့လူငယ်၊ လူရွယ်များ အလုပ်အကိုင်ရရှိရေးတို့အတွက် ညှိနှိုင်းဆောင်ရွက်သွားပါမယ်။

လူသားချင်း ခေါင်းပုံဖြတ်၊ အမြတ်စားခြင်း၊ အဂတိလိုက်စားပြီး လာဘ်ပေးလာဘ်ယူမှုပပျောက်ရေး၊ ကျဉ်းမြောင်းသည့် လူမျိုးရေးအမြင်နှင့် လူမျိုးအချင်းချင်း နှိမ့်ချခြင်း၊ ကွဲရဲခြင်း၊ ရေးသားခြင်း မရှိစေရေးတို့ကို ဆောင်ရွက်မည်ဖြစ်ပါတယ်။

**လေးစားအပ်ပါသော တိုင်းရင်းသားပြည်သူအပေါင်းတို့ခင်ဗျား-**

ကျွန်တော်တို့ဟာ မိမိတို့ရဲ့နယ်မြေဒေသ ပြည်နယ်နှင့်နိုင်ငံရဲ့စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး ဘက်စုံဖွံ့ဖြိုးတိုးတက်မြင့်မားရေးအတွက် အစွမ်းကုန် ကြိုးပမ်းသွားမည်ဖြစ်ပါတယ်။ နယ်မြေဒေသတစ်ခု ဖွံ့ဖြိုးတိုးတက်မှုဟာ ပြည်ထောင်စုကြီးရဲ့ နယ်မြေဒေသအစိတ်အပိုင်းတစ်ခု ဖွံ့ဖြိုးတိုးတက်ခြင်းပဲဖြစ်ပါတယ်။ နောက်တစ်ခုကတော့ ပြည်ထောင်စု စိတ်ဓာတ်ဖြစ်ပါတယ်။ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ၊ ခိုင်မြဲသည့်ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးပါတယ်။

မိမိတို့အဖွဲ့ပါတီကို ကိုယ်စားပြု၍ လွှတ်တော်ရွေးကောက်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် ကိုယ်စားလှယ်များတွေဟာ မိမိနယ်မြေဒေသ၊ မိမိပြည်နယ်နှင့် မိမိနိုင်ငံအတွက် ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်တို့ဖြင့် နိုင်ငံတော်၏ ကျရာအခန်းကဏ္ဍတို့မှ နိုင်ငံတော်နှင့်လူမျိုး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစွမ်းကုန် ကြိုးပမ်းသွားကြမည်ကို အဓိဋ္ဌာန်ပြုထားကြပြီး ဖြစ်ပါတယ်။

**လေးစားအပ်ပါသော တိုင်းရင်းသားပြည်သူအပေါင်းတို့ခင်ဗျား-**

ကျွန်တော်တို့ မြို (ခေါ်) ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့ပါတီ၏ တံဆိပ်သင်္ကေတကတော့ ငှက်တော်ဖြစ်ပါတယ်။ မဲဆန္ဒရှင်တိုင်းရင်းသားပြည်သူများအနေဖြင့် မိမိတို့၏ပိုင်ဆိုင်သည့် အသည်းထဲမှ မဲတစ်ပြားကို မိမိနယ်မြေဒေသနှင့် ပြည်နယ်၊ နိုင်ငံအတွက်ဖြစ်တယ်လို့ လက်ကိုင်ထားကြပြီး မှန်ကန်တဲ့ အတွေးအခေါ်ဖြင့် အရေးကြီးသည့် ဆန္ဒမဲများကို ဆုံးဖြတ်ထည့်ပေးကြပါလို့ ရိုးသားစွာဖြင့် မေတ္တာရပ်ခံတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ် ခင်ဗျား။

အားလုံးကိုကျေးဇူးတင်ပါတယ်။

နိုင်ငံတကာသတင်းများ

နိုင်ငံတကာသတင်းများ



# ယူကရိန်း၌ ရထားနှင့် ဘတ်စ်ကားတိုက် လူ ၄၃ဦး သေဆုံးပြီး ရှစ်ဦး ဒဏ်ရာရ

**ကိယက်ဗ်(ယူကရိန်း) အောက်တိုဘာ ၁၂**

ယူကရိန်းနိုင်ငံအရှေ့ပိုင်းတွင် အောက်တိုဘာ ၁၂ ရက်က ရထားတစ်စီးနှင့် ခရီးသည်အပြည့်တင်ဆောင်လာသော ဘတ်စ်ကားတို့ တိုက်မိရာ လူ ၄၃ သေဆုံးပြီး ရှစ်ဦးဒဏ်ရာရရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အဆိုပါဖြစ်ရပ်သည် ဒီနီပရိုပက်ထရိုဗက်မြို့၏ တောင်ဘက် မာဟာနက်စ်မြို့အနီးတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ဘတ်စ်ကားသည် ရထားချဉ်းကပ်လာနေပြီဖြစ်ကြောင်း သတိပေးမှုကို ဂရုမစိုက်ဘဲ ရထားလမ်းကိုဖြတ်မောင်းရန် ကြိုးစားခဲ့ကြောင်း သတင်းများတွင် ဖော်ပြထားသည်။

ဒဏ်ရာရရှိသူအချို့သည် စိုးရိမ်ဖွယ်ရာ အခြေအနေရှိသဖြင့် သေဆုံးသူအရေအတွက် တိုးလာနိုင်သည်ဟု ဆိုသည်။

ယင်းကဲ့သို့ တိုက်မိပြီးနောက် ဘတ်စ်ကားသည် ရထား နောက်သို့ မီတာ ၃၀ ခန့် ချိတ်ပါသွားခဲ့ကြောင်း ပြည်ထဲရေး ဝန်ကြီးဌာနက ပြောသည်။

ဘတ်စ်ကား မောင်းသူသည် အချက်ပြမီး အနီရောင်ပြ တားမြစ်ထားခြင်းကို ဖြတ်မောင်းသဖြင့် လမ်းစည်းကမ်း ချိုးဖောက်ခြင်းဖြစ်ကြောင်း ဒေသဆိုင်ရာ ယာဉ်ထိန်းရဲတပ်ဖွဲ့က အေအက်ဖ်ပီသို့ ပြောကြားသည်။

သမ္မတ ဗစ္စတာယာနူကို ဗက်ချ်က သေဆုံးသူများ၏ ဆွေမျိုးများထံသို့ ဝမ်းနည်းကြောင်း သဝဏ်လွှာပေးပို့ပြီး ဗုဒ္ဓဟူးနေ့ကို နိုင်ငံတော်အောက်မေ့ဖွယ်နေ့အဖြစ် ကြေညာခဲ့သည်။

ဒုတိယဝန်ကြီးချုပ်ဦးဆောင်သော အဖွဲ့က ယင်းဖြစ်ရပ်ကို စုံစမ်းစစ်ဆေးမည်ဖြစ်ပြီး ကျန်ရစ်သူမိသားစုများကိုလည်း ကူညီမည်ဖြစ်ကြောင်း သမ္မတက ထပ်လောင်း ပြောကြားခဲ့သည်။

**ရိုက်တာ။**



# ရေနံတင်သင်္ဘောနှင့် ကွန်တိန်နာသင်္ဘော မြောက်ပင်လယ်တွင် တိုက်မိ

**အမ်စတာဒမ် အောက်တိုဘာ ၁၂**

လောင်စာဆီများ တင်ဆောင်လာသော ဂရိရေနံတင် သင်္ဘောသည် မြောက်ပင်လယ်အတွင်း၌ ဆိုက်ပရပ် ကွန်တိန်နာသင်္ဘောနှင့် သောကြာနေ့နံနက်ပိုင်းတွင် တိုက်မိရာ ဆီများ အနည်းငယ်ယိုစိမ့်ခဲ့သည်။

ဒတ်ချ်ဆိပ်ကမ်း ရှက်ဗီးနင်ဂျင်းမှ ကီလိုမီတာ ၃၀ ခန့်အကွာ တွင် တိုက်မိခဲ့ခြင်းဖြစ်သည်။

ယင်းသို့တိုက်မိပြီးနောက် ရေနံတင်သင်္ဘော "မင်ဒိုရို" ၏ ကိုယ်ထည်မှာပေါက်သွား၍ ၎င်းအပေါက်မှ မီးလောင်လွယ်သော လောင်စာဆီများ ယိုထွက်ခဲ့သည်။

ဒတ်ချ်ကမ်းခြေစောင့်တပ်ဖွဲ့၏ ပြောကြားချက်များကို ကိုးကား၍ သတင်းများကိုရေးသားရာတွင် ထိုယိုစီးသော လောင်စာဆီများသည် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီး စေခြင်းမရှိဟု ဆိုသည်။

**အင်တာနက်။**



**အမေရိကန် နယူးယောက်မြို့တွင် စီ-၄ ပလတ်စတစ်ယမ်းပစ္စည်းများ ရှာဖွေတွေ့ရှိခဲ့သော သုသာန်၌ ရဲတပ်ဖွဲ့ဝင်များ ရှာဖွေစစ်ဆေးနေကြစဉ်။**

# နယူးယောက်ရှိ သုသာန်တစ်ခုအတွင်း ပလတ်စတစ်ယမ်းပစ္စည်းများ ရှာဖွေတွေ့ရှိ

**နယူးယောက် အောက်တိုဘာ ၁၂ -** အမေရိကန်နိုင်ငံ နယူးယောက်မြို့ရှိ သုသာန်တစ်ခုအတွင်း စီ-၄ ပလတ်စတစ် ယမ်းပစ္စည်းများကို တနင်္လာနေ့က ရှာဖွေတွေ့ရှိရကြောင်း ဒေသဆိုင်ရာ ရဲတပ်ဖွဲ့က ပြောကြားသည်။

နယူးယောက်ရှိ မာဘယ်သုသာန်၌ စီ-၄ ပလတ်စတစ် ယမ်းပစ္စည်းများကို မည်သည့်အချိန်က မည်ကဲ့သို့ ထားရှိခဲ့သည်ကို အတိအကျ မသိရှိရကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

စီ-၄ ပလတ်စတစ် ယမ်းပစ္စည်းများနှင့်အတူ စနက်တံမတွေ့ရှိရသဖြင့် ပေါက်ကွဲမှုဖြစ်ပွားနိုင်သော အခြေအနေတွင် မရှိပေ။ သို့ရာတွင် အနီးဝန်းကျင်ရှိ လမ်းများကို ရဲတပ်ဖွဲ့က ပိတ်ထားခဲ့သည်။

ထူးဆန်းသည့်အချက်မှာ ယင်းယမ်းပစ္စည်းများသည် အဆိုပါသုသာန်၌ ၁၀ လကျော်မျှရှိနေခဲ့ခြင်း ဖြစ်သည်။ သုသာန်ရှိ ပန်းဥယျာဉ် ထိန်းသိမ်းစောင့်ရှောက်သူတစ်ဦးသည် ပလတ်စတစ်ယမ်းပစ္စည်းများ ပါရှိသော အထုပ်ကို ၂၀၀၉ ခုနှစ်က ပထမဆုံးအကြိမ် တွေ့ရှိခဲ့ရကြောင်း နယူးယောက်ရဲတပ်ဖွဲ့က ပြောကြားသည်။

သုသာန်၏ ပန်းဥယျာဉ်ထိန်းသိမ်းစောင့်ရှောက်သူသည် အောက်တိုဘာ ၁၀ ရက်တွင် အဆိုပါအထုပ်ကို အမှိုက်ပုံး တစ်လုံးအတွင်းသို့ ပြောင်းရွှေ့ထားလိုက်ပြီး အောက်တိုဘာ ၁၁ ရက်တွင် ရဲတပ်ဖွဲ့ထံ အကြောင်းကြားခဲ့သည်။

ယမ်းပစ္စည်းများ ရှာဖွေတွေ့ရှိရမှုကို ရဲတပ်ဖွဲ့ထံ အကြောင်းကြားရန် အဘယ်ကြောင့် နှောင်နှေးကြန့်ကြာခဲ့ရသည်ကို မသိရပေ။

အဆိုပါ အလုပ်သမားသည် စီ-၄ ယမ်းပစ္စည်းပါရှိသော အိတ်ကို ၂၀၀၉ ခုနှစ် မေလသို့မဟုတ် ဇွန်လအတွင်း တူးဖော် တွေ့ရှိခဲ့ရသည်ဟု ဆိုသည်။

**နယူးယောက်တိုင်းမ်စ်။**

# အိန္ဒိယရေတပ်အတွက် စစ်သင်္ဘောသစ် အီတလီနိုင်ငံရှိ သင်္ဘောကျင်း၌ ရေချ

**ရောမ အောက်တိုဘာ ၁၂**

အိန္ဒိယရေတပ်အတွက် တည်ဆောက်ခဲ့သော စစ်သင်္ဘော သစ်တစ်စင်းအား ရေချပွဲအခမ်းအနားကို အီတလီနိုင်ငံရှိ သင်္ဘောကျင်းတစ်ခု၌ အောက်တိုဘာ ၁၁ ရက်က ကျင်းပခဲ့ သည်။

"အိုင်အင်န်အက်စ်ရှက်တီ" ဟု အမည်ပေးထားသော စစ် သင်္ဘောကို တည်ဆောက်ပြီးစီးခဲ့ပြီဖြစ်ရာ ယခုနှစ်ကုန်တွင် စမ်း သပ်ခုတ်မောင်းမည်ဖြစ်သည်။

အိုင်အင်န်အက်စ်ရှက်တီ စစ်သင်္ဘောကို အီတလီနိုင်ငံရှိ ဖင်ကန်တီယာ သင်္ဘောတည်ဆောက်ရေးကုမ္ပဏီက တည် ဆောက်ခဲ့သည်။ အီတလီနိုင်ငံ ဂျီနိုအာမြို့ရှိ ဆက်ထရီပိုနန်တေး သင်္ဘောကျင်း၌ စစ်သင်္ဘောရေချပွဲ အခမ်းအနားကို ကျင်းပခဲ့ သည်။

ဖင်ကန်တီယာကုမ္ပဏီသည် အိန္ဒိယရေတပ်အတွက် စစ် သင်္ဘောနှစ်စင်း တည်ဆောက်ပေးရန် ၂၀၀၈ ခုနှစ် ဧပြီလတွင် ယူရိုသန်း ၃၀၀ လုပ်ငန်းတန်ဖိုးရှိ ကန်ထရိုက်စာချုပ်တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့သည်။

အိုင်အင်န်အက်စ်ရှက်တီ စစ်သင်္ဘောကို နှစ်နှစ်အတွင်း စစ်ရေးလုပ်ငန်း၌ အသုံးပြုမည်ဟု မျှော်လင့်ရသည်။ ပင်လယ် ပြင်အတွင်း စမ်းသပ်ခုတ်မောင်းမှုကို ဒီဇင်ဘာလတွင် စတင် မည်ဖြစ်သည်။

အိန္ဒိယရေတပ်အတွက် အီတလီနိုင်ငံ၌ ပထမဆုံး တည် ဆောက်ခဲ့သော "အိုင်အင်န်အက်စ်ရှက်တီ" အမည်ရှိ စစ် သင်္ဘောကို ယခုအခါ ပင်လယ်ပြင်အတွင်း စမ်းသပ်ရန် စီစဉ်ထား သည်။ ယင်းစစ်သင်္ဘောကို ယခုနှစ်ကုန်၌ အိန္ဒိယရေတပ်သို့ လွှဲပြောင်းပေးအပ်မည်ဖြစ်သည်။

**ပီတီအိုင်။**

# ပါကစ္စတန်မပါဘဲနှင့် အာဖဂန်တာလီဘန်ဆွေးနွေးပွဲ မအောင်မြင်နိုင်ဟုဆို

**အစ္စလာမ္မာဘတ် အောက်တိုဘာ ၁၂**

အာဖဂန်နစ္စတန်အစိုးရနှင့်တာလီဘန်တို့အကြားမှ ငြိမ်းချမ်း ရေးဆွေးနွေးပွဲသည် ပါကစ္စတန်နိုင်ငံ၏ အကူအညီ မပါဘဲနှင့် အောင်မြင်မှုမရရှိနိုင်ကြောင်း ပါကစ္စတန်ဝန်ကြီးချုပ်က အင်္ဂါနေ့ တွင် ပြောကြားသည်။

တာလီဘန်အုပ်စုနှင့် သမိုင်းနှင့်ချီ၍ ရင်းနှီးစွာ ဆက်ဆံမှုရှိခဲ့ သည့်အတွက် ၎င်းတို့တွင် အရှိန်အဝါသြဇာရှိကြောင်း ပါကစ္စ တန်က သတိပေးခြင်းဖြစ်သည်။

မကြာသေးမီရက်များအတွင်းက ဆွေးနွေးပွဲနှင့် ပတ်သက်၍ တုံ့ပြန်သံများထွက်ပေါ်လာခြင်းကို တာလီဘန်နှင့် ၎င်း၏ အစိုးရအဖွဲ့တို့ တရားမဝင်ဆွေးနွေးနေသည်မှာ မှန်ကန်ကြောင်း သမ္မတကာဇိုင်းက အတည်ပြုပြောလိုက်ခြင်းသည် မီးလောင်ရာ လေပင့်သကဲ့သို့ဖြစ်သည်။

ယခင်က ပါကစ္စတန်နိုင်ငံသည် ငြိမ်းချမ်းရေးဆွေးနွေးပွဲ ချောမွေ့စေရန်အတွက် ကမ်းလှမ်းခဲ့သည်။ သို့သော် အာဖဂန် နစ္စတန်အစိုးရက ၎င်း၏ ရည်ရွယ်ချက်အပေါ် သံသယရှိနေသည် ဟု ယူဆရသည်။ ၁၉၉၀ပြည့်နှစ်က တာလီဘန်တို့ အာဏာရ ရှိစေရန် ပါကစ္စတန်နိုင်ငံက ကူညီခဲ့သည်။ တာလီဘန် ခေါင်းဆောင် မူလာအိုမာအပါအဝင် ထိပ်တန်းတပ်မှူး အများ အပြားသည် အာဖဂန်နစ္စတန်နှင့် ဆက်စပ်နေသည့် ပါကစ္စတန် နိုင်ငံ၏ ကျောက်ဆောင် ကျောက်တန်းများထူထပ်သော နယ်ခြား ဒေသ၌ အခြေစိုက်နေထိုင်ကြသည်ဟု ယုံကြည်နေကြသည်။

အစ္စလာမ္မာဘတ်က ၎င်း၏ မဟာရန်သူ အိန္ဒိယနိုင်ငံအား တန်ပြန်အင်အားတစ်ရပ်အနေဖြင့် အာဖဂန်နစ္စတန်နိုင်ငံတွင် တာလီဘန်တို့ အာဏာပြန်ရသည်ကို တွေ့မြင်လိုသည့် ဆန္ဒများ ရှိမည်ဟု လေ့လာဆန်းစစ်သူများက သံသယရှိနေကြသည်။

အာဖဂန်အစိုးရနှင့် မည်သို့သော ဆွေးနွေးမှုများမှာမဆို တာလီဘန်တို့အပေါ်၌ မည်သည့်အတိုင်းအတာထိ ပါကစ္စတန် က ၎င်း၏သြဇာကို အသုံးပြုမည် ဆိုသည်မှာ မေးခွန်းထုတ်စရာ ဖြစ်လာသည်။

အဆိုပါ ငြိမ်းချမ်းရေးဆွေးနွေးပွဲနှင့် စပ်လျဉ်း၍ မေးမြန်း သည့်အခါ ပါကစ္စတန်နိုင်ငံ၏ အခန်းကဏ္ဍအပေါ် စိုးရိမ်မှုများ ပပျောက်စေရန် ဝန်ကြီးချုပ် ယူဆွတ်ရာဇာဂီလာနီက ကြိုးစား ခဲ့သည်။ သို့သော် ပါကစ္စတန်နိုင်ငံ၏ အရှိန်အဝါကို လေ့လာနေ သူများကိုလည်း သတိပေးခဲ့သည်။

ပါကစ္စတန်သည် ပြဿနာ၏ အစိတ်အပိုင်းမဟုတ်ကြောင်း၊ အဖြေ၏အစိတ်အပိုင်းသာဖြစ်ကြောင်း၊ သို့အတွက် ပါကစ္စတန် မပါဘဲ မည်သည့်ရလဒ်မျှ ထွက်ပေါ်မလာနိုင်ကြောင်း ချာ ဆတ္တာမြို့တွင် သတင်းထောက်များကို ဂီလာနီက ပြော ကြားခဲ့သည်။

အောက်တိုဘာ ၆ ရက်ထုတ် ဝါရှင်တန်ပို့စ် သတင်းစာတွင် ကိုးနှစ်ကြာစစ်ပွဲ အဆုံးသတ်ရန်အတွက် အာဖဂန်အစိုးရနှင့် တာလီဘန်အဖွဲ့တို့အကြား လျှို့ဝှက်ဆွေးနွေးခြင်းကို တာလီဘန်ခေါင်းဆောင် မူလာအိုမာက ပထမဆုံးအကြိမ်အဖြစ် ထောက်ခံကြောင်း ဖော်ပြထားသည်။

**အေပီ၊ အေအက်ဖ်ပီ။**



# အာဖဂန်၌ နေတိုးရဟတ်ယာဉ်ပျက်ကျ နှစ်ဦးသေ၊ ၁၀ ဦးဒဏ်ရာရ

**ကဘူး အောက်တိုဘာ ၁၂ -** အာဖဂန်နစ္စတန်နိုင်ငံအရှေ့ပိုင်းတွင် အင်္ဂါနေ့က နေတိုးဦးဆောင်သော နိုင်ငံတကာ လုံခြုံရေး အထောက်အကူပြုတပ်ဖွဲ့(အိုင်အက်စ်အေအက်ဖ်)မှ ရဟတ်ယာဉ်တစ်စင်းပျက်ကျရာ နှစ်ဦးသေဆုံးပြီး ၁၀ ဦး ဒဏ်ရာရရှိကြောင်း နေတိုး မဟာမိတ်အဖွဲ့၏ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

သို့ရာတွင် အခင်းဖြစ်ရာနေရာ အတိအကျကိုလည်းကောင်း၊ လေယာဉ်ပေါ်တွင် မည်သည့် နိုင်ငံသားများ လိုက်ပါသွား သည်ကိုလည်းကောင်း ဖော်ပြထားခြင်းမပြုပေ။

ကနဦး အစီရင်ခံစာများအရ လေယာဉ်ပေါ်တွင် ၂၆ ဦး လိုက်ပါသွားကြောင်း ထုတ်ပြန်ကြေညာထားပြီး ရဟတ်ယာဉ်ပျက်ကျရ ခြင်း၏ အကြောင်းရင်းကို စုံစမ်းစစ်ဆေးလျက်ရှိသည်။

**အမ်အင်အေ၊ ဆင်ဟွာ။**

# အာဖဂန်နစ္စတန်တွင် လေကြောင်းမှတိုက်ခိုက်မှု တာလီဘန်ရှစ်ဦး သေဆုံး

**ဟီရတ် အောက်တိုဘာ ၁၂ -** အာဖဂန်နစ္စတန်နိုင်ငံ အနောက်ပိုင်း ဟီရတ်ပြည်နယ်တွင် တနင်္လာနေ့က လေကြောင်းမှ တိုက်ခိုက်မှု ကြောင့် တာလီဘန်စစ်သွေးကြွရှစ်ဦး သေဆုံးကြောင်း ပြည်နယ်ရဲတပ်ဖွဲ့ ပြောရေးဆိုခွင့်ရှိသူ နိုအာခန်နစ်ဇတ်က အင်္ဂါနေ့တွင် ပြောကြားသည်။

အော်ဘာခရိုင် တာဂတ်အီရာရီရွာရှိ အိမ်တစ်အိမ်အတွင်း၌ တနင်္လာနေ့ ညနေပိုင်းတွင် အဆိုပါ တာလီဘန်စစ်သွေးကြွများ အစည်းအဝေးကျင်းပနေစဉ် တိုက်လေယာဉ်တစ်စင်းက ၎င်းတို့ကို ပစ်မှတ်ထားတိုက်ခိုက်ခဲ့ရာ တာလီဘန်တပ်မှူး မူလာဂိုဆူဒိုင်း အပါအဝင် တာလီဘန်ရှစ်ဦး ပွဲချင်းပြီး သေဆုံးခဲ့ကြောင်း နစ်ဇတ်က ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။ သို့ရာတွင် ၎င်းက အသေးစိတ်ကိုမူ ပြောကြားခြင်းမရှိပေ။

**အမ်အင်အေ၊ ဆင်ဟွာ။**



ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေ သံတွဲလေဆိပ် လေယာဉ်ပြေးလမ်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

# ဝန်ကြီး ဦးသိန်းဆွေ ရခိုင်ပြည်နယ် သံတွဲလေဆိပ်လုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၁၂

**ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေသည် အောက်တိုဘာ ၁၁ ရက် မွန်းလွဲပိုင်းတွင် ရခိုင်ပြည်နယ် သံတွဲလေဆိပ်သို့ရောက်ရှိရာ လေဆိပ်ခန်းမ၌ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်စိုးက လေဆိပ်၏ တည်နေရာ၊ ဝန်ထမ်းဖွဲ့စည်းပုံအခြေအနေ၊ လေဆိပ်လေယာဉ်ပြေးလမ်း အဆင့်မြှင့်တင်ခြင်း၊ တိုးချဲ့ခြင်း ဆောင်ရွက်နေမှု၊ ပြီးစီးမှုအခြေအနေ၊ လေယာဉ်ပြေးလမ်းအချက်ပြမီးနှင့် ဆက်သွယ်ရေးကိရိယာများ တပ်ဆင်ထားရှိမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။**

ထို့နောက် ဝန်ကြီးက သံတွဲလေဆိပ်သည် ကမ္ဘာလှည့်ခရီးသည်များ ဝင်ထွက်သွားလာနေသော လေဆိပ်ဖြစ်၍ လေဆိပ်အတွင်းအပြင် သန့်ရှင်းရေးကောင်းမွန်ရေး၊ ဝန်ထမ်းများ ဆက်ဆံရေးကောင်းမွန်ရေး၊ လုံခြုံမှု အစဉ်သတိပြုရေး၊ ခရီးသွားပြည်သူများ စိတ်ချမ်းမြေ့စွာသွားလာနိုင်ရေးအတွက် ဝန်ဆောင်မှုကို အကောင်းဆုံးဖြစ်အောင် လုပ်ကိုင်ကြရေး မှာကြားခဲ့သည်။

ယင်းနောက် ဝန်ကြီးသည် လေယာဉ်ရပ်နားရာနေရာ၊ လေယာဉ်သွားလမ်း၊ လေယာဉ်ပြေးလမ်း၊ လေဆိပ်အဆောက်အအုံနှင့် လေဆိပ်ဝန်းကျင် သာယာလှပရေး ဆောင်ရွက်ထားရှိမှု၊ ခရီးသည်နားနေဆောင်၊ လေယာဉ်များဆင်းသက်မှု အခြေအနေနှင့် လေကြောင်းထိန်းမျှော်စင်တို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း ဟောပြောပွဲကျင်းပမည်

**နေပြည်တော် အောက်တိုဘာ ၁၂**

မြန်မာနိုင်ငံ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးဝင်းသင်က "Myanmar Companies Act: Common Misinterpretations in Practice" ခေါင်းစဉ်ဖြင့် ဟောပြောပွဲတစ်ရပ်ကို အောက်တိုဘာ ၃၁ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ရန်ကုန်မြို့ အမှတ်(၂၉) မင်းရဲကျော်စွာလမ်း လမ်းမတော်မြို့နယ်ရှိ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်း၊ ဟောပြောပွဲသို့ စိတ်ပါဝင်စားသူမည်သူမဆို တက်ရောက်နိုင်ကြောင်း၊ လက်မှတ်ရပြည်သူ့စာရင်းကိုင်များသည် CPE နာရီ အတွက် ထောက်ခံချက်ရရှိမည်ဖြစ်ကြောင်း သိရသည်။

ဟောပြောပွဲတက်ရောက်ရန်အတွက် အောက်တိုဘာ ၂၇ ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း ရုံးခန်းအမှတ် (၁/၁၉) သခင်မြပန်းခြံလမ်း စာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်း ပထမထပ်သို့ မှတ်ပုံတင်ကြေးပေးသွင်း၍ စာရင်းသွင်းရမည်ဖြစ်ကြောင်း၊ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်သင်တန်း(ဒုတိယပိုင်း) တက်ရောက်နေဆဲ သင်တန်းသား၊ သင်တန်းသူများအနေဖြင့် ဟောပြောပွဲတက်ရောက်လိုပါက သတ်မှတ်ရက်မတိုင်မီ စာရင်းပေးသွင်းနိုင်ကြောင်း၊ နယ်မှ လာရောက်ရသူများအနေဖြင့် သတ်မှတ်ရက်မတိုင်မီ အသင်းရုံးခန်း ဖုန်း-၂၁၄၅၇၃ သို့ ကြိုတင်ဆက်သွယ်စာရင်းသွင်းနိုင်ကြောင်း၊ သတ်မှတ်ရက်ကျော်လွန်မှ စာရင်းပေးသွင်းခြင်းကို လက်ခံမည်မဟုတ်ကြောင်း သိရှိရသည်။

ထို့အပြင် မြန်မာနိုင်ငံ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း၏ အမှုဆောင်ကော်မတီဝင် ပါမောက္ခ ဦးမော်သန်းက MFRS for SMEs: Section 16 & 17-Workshop ကို အောက်တိုဘာ ၁၇ ရက်၊ ၂၄ ရက်နှင့် နိုဝင်ဘာ ၇ ရက်တို့တွင် အမှတ်(၁/၁၉)သခင်မြပန်းခြံလမ်း စာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်း၌ ကျင်းပမည်ဖြစ်ရာ တက်ရောက်လိုသူများသည် အသင်းရုံးခန်းသို့ လာရောက်စာရင်းပေးသွင်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



**ပုသိမ်မြို့ ရွှေပြည်သာဈေးအတွင်း ခြင်များပေါက်ပွားခြင်း မရှိစေရေးအတွက် ခြင်ဆေးဖျန်းစက်ဖြင့် ဆေးဖျန်းခြင်းကို ပုသိမ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယဦးစီးမှူး(သန့်)၊ ဒုတိယဦးစီးမှူး(ဈေး)တို့ ဦးစီးဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးအောင်မင်းနိုင် ကြီးကြပ်ဆောင်ရွက်စဉ်။**

(သတင်းစဉ်)

# ရန်ကုန်တိုင်းမ်ဂျာနယ် ထွက်ရှိ

**ရန်ကုန် အောက်တိုဘာ ၁၂**

ယခုတစ်ပတ်ထုတ် ရန်ကုန်တိုင်းမ်ဂျာနယ် အတွဲ(၆) အမှတ် (၄၀)တွင် "Political Times" အထူးအချပ်ပို အပါအဝင် "ပြည်သူတွေရဲ့ ပိုင်ခွင့်ပွဲ ဘယ်နေရာမှာ အမှန်ခြစ်မလဲ" နိုင်ငံရေးသုံးသပ် မျက်နှာဖုံးဆောင်းပါး၊ ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီ ရန်ကုန်တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားလူမျိုးစု လွှတ်တော်ကိုယ်စားလှယ်လောင်း ဦးဇော်အေးမောင်နှင့် တွေ့ဆုံခြင်းအပါအဝင် ပြည်တွင်းနိုင်ငံရေးသတင်းများ ဝေဝေဆာဆာဖြင့် ရန်ကုန်တိုင်းမ်ဂျာနယ် ထွက်ရှိလာပြီဖြစ်သည်။

ယင်းအပြင် ရွေးကောက်ပွဲစည်းရုံးရေးကားများ ရန်ကုန်မြို့ လမ်းမများတွင် အတွေ့ရများလာဟု ဒေသခံတို့ဆို၊ နေပြည်တော်အပါအဝင် အခြားမြို့နယ်များသို့ ပြောင်းရွှေ့သူများကို မဲစာရင်းမှ စတင်ပယ်ဖျက်ပြီ၊ ဆရာကြီးမောင်စူးစမ်း ရေးသားသည့် "မြန်မာ့နိုင်ငံရေး အလွယ်တွေးမရ"၊ ဆရာဦးကျော်ဝင်း ရေးသားသည့် "ရွှေပြည်သာ နိုင်ငံသစ်ဆီသို့"၊ ဆရာဦးကိုကိုလှိုင် ရေးသားသည့် "ခေါင်းပေါင်းလည်းပေါင်း ဘီးဆံပတ်လည်းပတ်ကြပါ၊ လုံအောင်လည်း ထိုင်ကြပါ" စသည့် နိုင်ငံရေးသုံးသပ်ဆောင်းပါးများ၊ ပြည်တွင်းပြည်ပ လေကြောင်းခရီးစဉ်များ ပျံသန်းမည့် လေကြောင်းလိုင်းသစ် Asian Wing မကြာမီစတင်မည်၊ မြန်မာ-ထိုင်း နှစ်နိုင်ငံ နယ်စပ်ကုန်သွယ်ရေးလမ်း မြိတ်-မောတောင်လမ်း စတင်ဖောက်လုပ်၊ အမျိုးသမီးနှင့် ကလေးငယ်များ ကျန်းမာရေးကို ဦးစားပေးကုသမည့် ပုဂ္ဂလိကပိုင် ပါရမီဆေးရုံသစ်ကြီး မကြာမီဖွင့်မည်၊ မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းမှုကြောင့် ပြည်ကြီးတံခွန်နှင့် ချမ်းမြသာစည်မြို့နယ်များတွင် ရေကြီးရေလျှံ၊ ခိုးမှုဖြင့် မသင်္ကာ၍ ဖော်ထုတ်စစ်ဆေးရာမှ လူသေမှုဖော်ထုတ်နိုင်ခဲ့၊ ဆယ်စုနှစ်ကျော်အတွင်း ကန်ဒေါ်လာဈေး ကျဆင်းမှုဂယက်ကြောင့် ပြည်တွင်းရွှေဈေး စံချိန်တင်မြင့်၊ မြဝတီနယ်စပ်စခန်း ပိတ်ထားသော်လည်း နယ်စပ်ကုန်သွယ်မှု ယခင်နှစ်ထက်ပိုမို၊ ပြောရေးဆိုခွင့်ရပ်ကွက်မှ "မဲဆန္ဒရှင်များနှင့် မဲပေးလိုသည့်ပါတီ"၊ "ကိုယ့်ရဲ့ကံလေးရှိနေသေးလို့ ဒီနေ့ထိ အနုပညာအလုပ်ကို လုပ်နေနိုင်တာပါ" ခိုင်သင်းကြည်နှင့် လိုတိုဗျူး စသည့် ဖျော်ဖြေရေး ကဏ္ဍအပါအဝင် သတင်းစုံလင်စွာဖြင့် ထွက်ရှိလာပြီ ဖြစ်သည်။

ဥရောပရှိ မြို့ကြီးများကို တိုက်ခိုက်ရန် ဘင်လာဒင်၏ ညွှန်ကြားချက်တွင် အမေရိကန်ပါဝင်နိုင်ဟုဆို၊ ဆေးဝါးနှင့် အစားအသောက်တုများကို တရုတ်ကျော်လွှား တိုက်ဖျက်နိုင်ခြင်း မရှိသေး၊ မစ္စတာလီကွမ်ယူ၏ ဇနီး ဈာပန အခမ်းအနားသို့ ပြည်သူအများ လာရောက်ဂါရဝပြု၊ နိုင်ငံကို အုပ်စိုးစဉ်က ပြုလုပ်ခဲ့သော အမှားများအတွက် မူရှာရက်ဖ် ဝန်ချတောင်းပန်ဟုဆို၊ လက်တော့ပ်ကို ဒူးနှင့်ပေါင်ပေါ်သို့ တင်ပြီးအသုံးပြုပါက ခန္ဓာကိုယ်အရေပြားရောဂါဖြစ်နိုင်၊ လကမ္ဘာစူးစမ်းရေးခရီးစဉ်အဖြစ် ချန်ဂီ(၂)ယာဉ် တရုတ်လွှတ်တင်၊ "အသက်(၁၈)နှစ်အရွယ် မိန်းကလေးကို ရည်းစားဟောင်းက သတ်သည့်အမှုဘတ်ရှိုင်းယားတွင် ဖြစ်ပွား" မှုခင်းရေးရာကဏ္ဍ၊ နိုင်ငံတကာ ဖျော်ဖြေရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ နည်းပညာကဏ္ဍများ စုံလင်စွာပါရှိသည်။ (သတင်းစဉ်)

# မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၃-၁၀-၂၀၁၀ (ဗုဒ္ဓဟူးနေ့)

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇း၀၀ | ၁။ | တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇း၂၅ | ၂။ | ကျန်းမာဖို့ အတူကစားစို့ |
| ၇း၃၀ | ၃။ | နံနက်ခင်းသတင်း |
| ၇း၄၀ | ၄။ | အင်္ဂုဇယမင်္ဂလံ (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ) |
| ၇း၅၀ | ၅။ | သံသာချိုအေးမင်္ဂလာတေး |
| ၈း၀၀ | ၆။ | မျိုးမျိုးကွဲကွဲ ယဉ်ကျေးမှုအက |
| ၈း၁၀ | ၇။ | ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ |
| ၈း၂၀ | ၈။ | သီချင်းကြီးပဒေသာ |
| ၈း၂၅ | ၉။ | "အချိန်တိုအတွင်းခရီးပေါက်ပြီ ရိုးမဖြတ်လမ်းဆီ" |
| ၈း၄၀ | ၁၀။ | International News |
| ၈း၄၅ | ၁၁။ | တေးဂီတအစီအစဉ် |
| ၉း၀၀ | ၁၂။ | အစီအစဉ်ပြီး၏။ |

**ညပိုင်း**

| | | |
|---|---|---|
| ၃း၃၀ | ၁။ | Myanmar National League MNL (2010) ဘောလုံးပြိုင်ပွဲထုတ်လွှင့်မှု အစီအစဉ် (ရန်ကုန်ယူနိုက်တက်အသင်းနှင့် ဇွဲကပင်ယူနိုက်တက်အသင်း) |
| ၅း၀၀ | ၂။ | ရှုဖွယ်စုံလင်အာဆီယံ အစီအစဉ် |
| ၅း၁၅ | ၃။ | International Science News |
| ၅း၂၅ | ၄။ | ဆိုကြပျော်ရွှင်တေးသံစဉ် |
| ၆း၀၀ | ၅။ | ညနေခင်းသတင်း |
| ၆း၁၅ | ၆။ | မိုးလေဝသအခြေအနေ |
| ၆း၂၀ | ၇။ | မြန်မာ့လေ့ရိုးရာလက်ဝှေ့ |
| ၆း၄၅ | ၈။ | ထက်မြက်ပျော်ရွှင်အိမ်ထောင်ရှင် |
| ၇း၀၅ | ၉။ | ရသပေါ်လွင်သရုပ်ဆောင်လွင်ပြင် |
| ၇း၄၀ | ၁၀။ | ဘယ်လို မဲပေးကြမှာလဲ (မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဝင်များ) |
| ၈း၀၀ | ၁၁။ | ပြည်တွင်းသတင်း |
| | ၁၂။ | နိုင်ငံရေးပါတီများ၏ ဟောပြောချက် အစီအစဉ် (ဒုတိယအကြိမ်) |
| | ၁၃။ | နိုင်ငံတကာသတင်းများ |
| | ၁၄။ | မိုးလေဝသအခြေအနေ |
| | ၁၅။ | **နိုင်ငံခြားဇာတ်လမ်းတွဲ "သစ္စာလွှမ်းသောမေတ္တာ" (အပိုင်း-၁)** |
| | ၁၆။ | **မြန်မာဗီဒီယိုဇာတ်လမ်း "ကျွန်တော်နဲ့အဖေတူ အမေကွဲယောက်ဖများ" (လွင်မိုး၊ နန္ဒာလှိုင်) (ဒါရိုက်တာ-မောင်သီ)** |
| | ၁၇။ | အစီအစဉ်ပြီး၏။ |

# ကျေးလက်ကုန်ထုတ်လမ်း ရေတိုက်စားမှု ပြုပြင်

**ရှမ်း အောက်တိုဘာ ၁၂**

အောက်တိုဘာ ၃ ရက်တွင် ရှမ်းမြို့နယ် ကျောက်ကြားကျေးရွာနှင့် ထမင်းပေါင်းကျေးရွာဆက်သွယ်သော အရှည်တစ်မိုင်ခွဲရှိ ကျောက်ချောလမ်း မိုးရေတိုက်စားမှုကို စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် တာဝန်ခံ အင်ဂျင်နီယာတို့က ကျေးရွာတာဝန်ရှိသူများနှင့် အတူ ကွင်းဆင်းပြုပြင်သည်။ အဆိုပါလမ်းသည် အနီးပတ်ဝန်းကျင်ရှိ ကျေးရွာများမှ ကုန်ထုတ်ကျောက်ချောလမ်းဖြစ်သည်။

(မြို့နယ်စည်ပင်)

# လက်တွေ့အသုံးချ Programming နှင့် Database သင်တန်းများ ဖွင့်လှစ်မည်

**ရန်ကုန် အောက်တိုဘာ ၁၂**

ကွန်ပျူတာ Programming နည်းပညာကို စိတ်ဝင်စားသူများနှင့် ပြည်တွင်းပြည်ပ၌ အောင်မြင်သော Programmer, Web Application Developer တစ်ယောက်အဖြစ် ဝင်ရောက်လုပ်ကိုင်လိုသူများအတွက် ကမ္ဘာပေါ်၌ အသုံးအများဆုံးဖြစ်သည့် Microsoft ကုမ္ပဏီမှ နောက်ဆုံးထွက်ရှိသော .Net နည်းပညာ အခြေပြု Programming သင်တန်းများကို Gusto ကွန်ပျူတာနည်းပညာသင်တန်းကျောင်းမှ နိုင်ငံတကာ Software Development အတွေ့အကြုံရှိ ဆရာများက သင်ကြားပေးမည်ဖြစ်သည်။

Gusto နည်းပညာသင်တန်းကျောင်းက Micorsoft .Net နည်းပညာများကို Level နှစ်ဆင့်ခွဲ၍ သင်ကြားပေးလျက်ရှိပြီး Level 1 ဖြစ်သော ".Net Framework with OOP" သင်တန်းတွင် Web Application ကို ရေးသည်ဖြစ်စေ၊ Window Application ကို ရေးသည်ဖြစ်စေ၊ Mobile Application ကို ရေးသည်ဖြစ်စေ အခြေခံသိသင့်သိထိုက်သော Core Techniques များနှင့် Concepts များကို လေ့လာရမည်ဖြစ်ကာ သင်တန်းသားများ၏ Programming နှင့် စပ်လျဉ်းသော အတွေးအခေါ်၊ အယူအဆများ မြင့်မားတိုးတက်လာစေရန် လေ့ကျင့်ပေးမှုများလည်း ပါဝင်မည်ဖြစ်သည်။

အဆင့်မြင့် Level 2 အတန်းဖြစ်သော "Asp.Net 3.5with AJAX" သင်တန်းတွင် Database နှင့် ချိတ်ဆက်၍ Internet ပေါ်တွင် အသုံးပြုနိုင်သော Dynamic Web Application တစ်ခုကို တည်ဆောက်နိုင်စေရန်အတွက် သင်ကြားပေးမည်ဖြစ်သည်။

အဆိုပါသင်တန်းများကို Programming အခြေခံရှိသူ မည်သူမဆို တက်ရောက်နိုင်ကြပြီး Programming အခြေခံမရှိသူများသည် Programming Fundamental သင်တန်းမှတစ်ဆင့် တက်ရောက်နိုင်ကြသည်။

ထို့အပြင် စီးပွားရေးအဖွဲ့အစည်းများ၏ သတင်းအချက်အလက် လိုအပ်ချက်ပေါ်မူတည်၍ စနစ်ကျသော Database Design တစ်ခု တည်ဆောက်နိုင်ရန်နှင့် ယင်းကို ကောင်းမွန်စွာ အကောင်အထည်ဖော်နိုင်ရန် "Database Design and Development" သင်တန်းကိုလည်း ဖွင့်လှစ်ပေးမည်ဖြစ်သည်။

၎င်းသင်တန်းတွင် Database Design တစ်ခု ထွက်ပေါ်လာစေရန်အတွက် လုပ်ဆောင်ရမည့်လုပ်ငန်းစဉ် အဆင့်ဆင့်ကို Project များပြုလုပ်၍ သင်ကြားပေးသွားမည်ဖြစ်ပြီး ထွက်ပေါ်လာသည့် Database Design ကို ဆက်လက်အကောင်အထည်ဖော်ရမည့် နည်းစနစ်များကို ထပ်မံသင်ကြားပေးမည်ဖြစ်ကြောင်းနှင့် ယင်းသင်တန်းကို ပြည်တွင်းပြည်ပတွင် Software Developer၊ Database Developer အဖြစ် လုပ်ကိုင်လိုသူများ တက်ရောက်သင့်ကြောင်း သိရသည်။

စိတ်ဝင်စားသူများအနေဖြင့် Gusto နည်းပညာသင်တန်းကျောင်း အမှတ်(၂၆) ၁၄ လမ်း (အောက်ဘလောက်) လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၂၄၄၉၆ နှင့် ၀၉-၈၆၂၈၈၀၆ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)



**ဖရူဆိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၉-၂၀၁၀ ဘဏ္ဍာနှစ်တွင် တည်ဆောက်ပြီးစီးခဲ့သော မြို့ပြရေပေးရေး၊ လောဘူးဒါးရပ်ကွက် ဂါလန် ၂၆၀၀ ဆံ့ ရေစုကန်သို့ ရေဝင်ရောက်မှုနှင့် ရပ်ကွက်အတွင်းသို့ ရေပေးဝေနေမှုကို တာဝန်ရှိသူတို့ စစ်ဆေးစဉ်။** (မြို့နယ်စည်ပင်)



တောမရွာအဝင် တောမ-ဂန့်ဂေါ လမ်းမသစ်ကြီးကို ဖောက်လုပ်ပေးလျက်ရှိသောကြောင့် ခရီးသွားလာမှု လျင်မြန်ချောမွေ့လာတော့မည်ဖြစ်သည်။

☆ရှေ့ဖုံးမှ

တောမရွာမှတစ်ဆင့် သစ်တံခါး၊ လက်ကြပ်တောင်၊ ကွမ်းသီးစို၊ ဖက်ကျတောင်၊ စက်နှီးချောင်း၊ အင်းနား၊ ကင်းပန်းရွာ၊ ဆေးမင်းတော၊ မြစ်သာတာတမံ၊ မောချောင်းတံတား၊ ကဖွန်းထောင့်ရွာတို့ကို အနှံ့ရောက်ရှိ လေ့လာဖူးပါသည်။

မောချောင်းတံတားနှင့် မောချောင်းရေပြာပြာကား ကဖွန်းထောင့်ရွာကလေးကို ပို၍ပို၍ အလှဖြာဝေစေခဲ့ပါသည်။ ကဖွန်းထောင့်ရွာသည် ထီးလင်းမြို့နယ်နှင့် ဂန့်ဂေါမြို့နယ်စပ် ချင်းတောင်တန်းခြေရင်း မောချောင်းဘေးတွင် ဝပ်စင်းနေသော ရွာကလေးဖြစ်သည်။

မြစ်သာတာတမံကြီး ဆောက်လုပ်လိုက်သဖြင့် တာတမံအနီးက ကဖွန်းထောင့်ရွာကလေးသည် လမ်းပန်းဆက်သွယ်ရေး ကောင်းလာသည်။ ယခင်က မောချောင်းကို လက်ပစ်ကူး၍ ဆေးမင်းတောရွာကို ကျောင်းတက်ခဲ့ရသော ကျောင်းသား၊ ကျောင်းသူကလေးများမှာ မောချောင်းတံတားကြီးပေါ် လွယ်ကူစွာဖြတ်ကူး၍ သာသာယာယာသွားလာနိုင်ကြပြီ။ ယခင်က တစ်ရွာနှင့်တစ်ရွာ ခြေကျင်၊ လှည်းတို့ဖြင့်သာခရီးနှင်ခဲ့ကြရရာမှ ယခုအခါ ဆိုင်ကယ်၊ ကား၊ ထော်လာဂျီတို့ဖြင့် လွယ်ကူစွာခရီးဆက်နိုင်ကြပြီ။ ထို့နည်းတူပင် နေရာတကာ ခြေကျင်သာအားကိုးသွားလာခဲ့ရသော တောမရွာသားတို့မှာလည်း ယခုအခါ နိုင်ငံတော်က ပေါက်-မြိုင်-ထီးလင်း-ဂန့်ဂေါလမ်းမသစ်ကြီး ဖောက်လုပ်ပေးခဲ့ပြန်သဖြင့် ဂန့်ဂေါနှင့် ထီးလင်းမြို့များသို့ ကား၊ ဆိုင်ကယ်၊ ထော်လာဂျီတို့ဖြင့် လွယ်ကူစွာသွားလာနိုင်ကြပြီတည်း။

ယခင်က တောမရွာကို သွားလိုပါက ဂန့်ဂေါ-ရေမျက်နီ-ထီးလင်း ကျောက်ထု-မင်းတပ် လမ်းမကြီးအတိုင်း ကားဖြင့်သာ သွားနိုင်သည်။ ယခုမူ နိုင်ငံတော်အစိုးရက အသစ်ဖောက်လုပ်ပေးလိုက်သော မြိုင်-လက်ပံတို-တောမ-ဂန့်ဂေါ လမ်းမသစ်ကြီးမှ ဂန့်ဂေါ-ထီးလင်းမြို့များသို့ အချိန်တိုတိုနှင့် ခရီးဆက်နိုင်ပြီဖြစ်သည်။

ယခင်က တောမရွာမှ ဂန့်ဂေါသို့ ကားဖြင့်ခရီးသွားပါက သုံး နာရီကြာစီးရသည်။ ယခု တောမရွာမှ ဂန့်ဂေါသို့ မြိုင်-လက်ပံတို-တောမ-ဂန့်ဂေါလမ်းသစ်မှခရီးနှင်ပါက တစ်နာရီကျော်ကျော်သာ ကားစီးရတော့သည်။ မိုင် ၂၀သာ ခရီးကွာတော့၍ ဂန့်ဂေါ-တောမ အနီးကလေး ဖြစ်လာသည်။

မြိုင်-လက်ပံတို-တောမ-ဂန့်ဂေါလမ်းသစ်ကြီးကြောင့် တောမရွာကလေးသည် တစ်ဟုန်ထိုးဖွံ့ဖြိုးခဲ့ပြီ။ တောမရွာတောမလမ်းဆုံ၌ အနယ်နယ်အရပ်ရပ်သို့ တယ်လီဖုန်းဆက်နိုင်သည်။ ပခုက္ကူ-ထီးလင်း-ကျောက်ထု-မင်းတပ်မြို့များသို့ လွယ်ကူစွာ သွားလာနိုင်ပြီ။ ဂန့်ဂေါ-ကလေးသို့ ရထား၊ ကားစီး၍ ခရီးလွယ်နေပြီ။

ချောင်ကြိုချောင်ကြားပုံညာတောင်ကြားက တောမရွာကလေး။ "ယောနယ်သာသနာအစ၊တောမရွာက၊" "ပုံတောင်ပုံညာသာသနာအစ၊ တောမရွာက" ပုဂံပြည် လက်ထက်ကပင် သာသနာထွန်းကားနေခဲ့သော တောမရွာကလေးမှာ ယခုအခါ တယ်လီဖုန်း၊ ကျေးရွာစာကြည့်တိုက်၊ ဆေးခန်း၊ တာဘိုင်ရေအားလျှပ်စစ်၊ တွဲဖက်အလယ်တန်းကျောင်းတို့ဖြင့် အသွင်သစ်ခဲ့ပြီ။တစ်နေ့ထက်တစ်နေ့ ဖွံ့ဖြိုးသာယာလာသော တောမရွာလေးကို စာရေးသူ လွမ်းတသသ ဖြစ်နေမိပါတော့သတည်း။ ॥

---

၂၀၁၀ ခုနှစ် အောက်တိုဘာလ ၁၆ ရက်၊ စနေနေ့

**ကျောင်းနှင့် ဝန်းကျင် သန့်ရှင်းရေးနေ့**

အခြေခံပညာကျောင်းအားလုံး ပါဝင်ဆင်နွှဲကြပါစို့

ပညာရေးဝန်ကြီးဌာန

---

# ကျောင်းနှင့် ဝန်းကျင် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ရန် နှိုးဆော်

**ရန်ကုန် အောက်တိုဘာ ၁၂**

ပညာရေးဝန်ကြီးဌာနသည် အခြေခံပညာကဏ္ဍ ပညာရည်မြင့်မားရေးလုပ်ငန်းများကို တိုးမြှင့်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ပညာသင်နှစ်အလိုက် အခြေခံပညာကျောင်းအားလုံးတွင် ပညာရေးဖွံ့ဖြိုးမှုလုပ်ငန်းများကို ပညာရေး ပြက္ခဒိန်ရေးဆွဲသတ်မှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

၂၀၁၀-၂၀၁၁ ပညာသင်နှစ် ပညာရေးပြက္ခဒိန်အရ ၂၀၁၀ ခုနှစ် အောက်တိုဘာလ ၁၆ ရက်(စနေနေ့)ကို ကျောင်းနှင့် ဝန်းကျင်သန့်ရှင်းရေးနေ့အဖြစ် သတ်မှတ်ပေးထားပြီးဖြစ်သဖြင့် အဆိုပါနေ့ရက်တွင် နိုင်ငံတစ်ဝန်းလုံးရှိ အခြေခံပညာကျောင်းအလိုက် ကျောင်းအုပ်ကြီးများ၏ ဦးဆောင်မှုဖြင့် ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများက ကျောင်းနှင့် ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်း (၅)ရပ်ကို ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် သက်ဆိုင်ရာမှ နှိုးဆော်ထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

---

# ကျောင်းကုန်း အထက(၁) မြတ်ဆရာပူဇော်မည်

**ကျောင်းကုန်း အောက်တိုဘာ ၁၂**

ကျောင်းကုန်းမြို့နယ် အထက(၁) ကျောင်းသား၊ ကျောင်းသူဟောင်းများက ပညာရေးအလှူရှင် ဂါဒီယန်ဦးစိန်ဝင်းနှင့် ၁၉၅၂ ခုနှစ်မှ ၂၀၁၀ ခုနှစ်အထိ အထက(၁)တွင် တာဝန်ထမ်းဆောင်ခဲ့သော အသက်(၆၀)အထက် အငြိမ်းစား ဆရာကြီး၊ ဆရာမကြီး ၈၆ ဦးတို့အား(၂၁)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ဒီဇင်ဘာ ၁ ရက် (အမျိုးသားနေ့)မွန်းလွဲ ၁နာရီတွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင်ကျောင်းကုန်းမြို့နယ် အထက(၁)ခန်းမ၌ ကျင်းပမည်ဖြစ်သည်။

သို့ဖြစ်ပါ၍ ရပ်ဝေးရပ်နီးမှ ကန်တော့ခံ ဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူများအားလုံးတို့သည် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြပါရန်နှင့် အလှူငွေများကို ရန်ကုန်မြို့တွင် ဦးလေးမောင် ဖုန်း-၀၉-၅၁၉၂၅၆၂၊ ဦးမောင်ဝင်း ဖုန်း-၀၁-၅၆၇၄၀၃၊ ဦးစောနိုင် ဖုန်း-၀၉-၅၀၇၉၇၄၅၊ ကျောင်းကုန်းမြို့တွင် ဒေါ်စန်းစန်း ကျောင်းအုပ်ဆရာမကြီး အထက(၁) ဖုန်း-၀၄၆-၄၀၄၁၄၊ ဦးစိုးမောင် ဖုန်း-၀၄၆-၄၀၁၂၉၊ ဦးသာရွှေ ဖုန်း-၀၄၆-၄၀၂၀၀၊ ဦးအေးသန်း ဖုန်း-၀၄၆-၄၀၀၁၉ နှင့် ဦးသန်းငွေ ဖုန်း-၀၄၆-၄၀၂၃၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (၃၆၅)

---

# ဝါကျွတ်အထူးဈေးရောင်းပွဲတော်ကျင်းပမည်

FUJI xerox SIGMA



**နေပြည်တော် အောက်တိုဘာ ၁၂**

Fortune Int'l Ltdနှင့် Con- cordia Int'l Co.,Ltd တို့ ပူးပေါင်း၍ ဝါကျွတ် အထူးဈေးရောင်းပွဲတော်ကို အောက်တိုဘာ ၁၅ ရက်မှ ၁၈ ရက်နေ့ထိ ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်းချုပ် ပထမထပ် အစည်းဝေးခန်းမ (UMFCCI)၌ ကျင်းပမည် ဖြစ်သည်။

ဝါကျွတ်အထူးဈေးရောင်းပွဲတော်တွင် Fortune Int'l Co.,Ltd မှ ခင်းကျင်းပြသထားမည့် ပစ္စည်းများမှာ Sigma ဓာတ်လှေကား၊ စက်လှေကား၊ ရွေ့လျားလျှောက်လမ်းများ၊ Shenou တယ်လီဖုန်းလိုင်းခွဲစနစ်များ၊ ဆက်သွယ်ရေးစနစ် အမျိုးမျိုး၊ လျှပ်စစ်ဓာတ်အားခွဲရုံနှင့် ဓာတ်အားလိုင်းသုံးပစ္စည်းများ၊ SAMYUNG ရေကြောင်းသုံး Radar၊ GPS Plotter၊ Fish Finderနှင့် Daewoo မီးစက်များနှင့် MTU အင်ဂျင်များ၊ အသည်းရောင်အသားဝါ (ဘီ)ကာကွယ်ဆေးနှင့် အသည်းရောဂါဆေးအမျိုးမျိုး၊ Albumin၊ ဓာတ်မှန်ဖလင်များ၊ မွေးမြူရေးလုပ်ငန်းသုံးဆေးဝါးနှင့် Royal Canin မှ ထုတ်လုပ်သော Pet Food နှင့် Vet;diet များ၊ ပစ္စည်းအသစ်များ၊ ဝန်ဆောင်မှုအသစ်များမှာ Fiber To The Home FTTH-Fiber ဖြင့် Internet၊ IP Telephone၊ IP-TV ပို့လွှတ်သောစနစ်၊ My Ring Tune လက်ကိုင်ဖုန်းများတွင် မိမိအားခေါ်ဆိုသူများကို မိမိရွေးချယ်ထားသည့် သီချင်းသို့မဟုတ် တီးလုံးကြားစေသည့် စနစ်ပါသည့် ပစ္စည်းများပြသထားပြီး Concordia International Co.,Ltd မှ Fuji Xerox အမှတ်တံဆိပ် Copier၊ Printer၊ Scanner၊ Fax များ၊ A0 Size Plotter များ၊ ဆေးရုံ၊ ဆေးခန်း၊ ဓာတ်ခွဲခန်းသုံးနှင့် ကျန်းမာရေးအထောက်အကူပြု ပစ္စည်းများဖြစ်သည့် သွေးချိုတိုင်းကိရိယာ၊ သွေးပေါင်ချိန်တိုင်းစက်များ၊ အောက်ဆီဂျင်ရှူသည့်စက်၊Patient Monitor၊ ECG၊ နောက်ဆုံးပေါ် နည်းပညာသုံး Ultra-sound များ၊ ခွဲစိတ်ခန်းသုံးပစ္စည်းများနှင့် ဓာတ်ခွဲခန်းသုံးပစ္စည်းများ၊ RTK နည်းပညာသုံး Differential GPS များ၊ Topcon အမှတ်တံဆိပ် Total Station များ၊ Digital Theo-dolite များ၊ Auto Level များ၊ Garmin အမှတ်တံဆိပ် ကုန်းကြောင်း၊ လေကြောင်း၊ ရေကြောင်းသုံး GPS များ၊ GPS နှင့် Phone များအတွင်းသို့ ထည့်သွင်းအသုံးပြုရသည့် မြန်မာတစ်နိုင်ငံလုံး၏ ကွန်တိုမြေပုံများ၊ ရန်ကုန်၊ မန္တလေး၊ နေပြည်တော်အပါအဝင် မြို့ကြီး ၂၅ မြို့၏ မြေပုံများစသည်တို့ပါဝင်ပြီး ELE အမှတ်တံဆိပ် မြေကြီးနှင့် Concrete အရည်အသွေးစမ်းသပ်သည့် စက်များ၊ အသစ်ရောက်ရှိလာသော Discovery အမှတ်တံဆိပ် ဒီဂျစ်တယ်ချိန်ခွင်များကိုလည်း ခင်းကျင်းပြသရောင်းချသွားမည်ဖြစ်သည်။

ဆက်သွယ်မေးမြန်းဝယ်ယူလိုပါက Fortune International Ltd ရန်ကုန်မြို့ No(11/12), ဗဟိုစည်အိမ်ရာ လမ်းမတော်မြို့နယ် တယ်လီဖုန်း ၀၁-၂၁၃၃၉၂-၄၊ My Ring the Hot-line 01-652253၊ 652254၊ မန္တလေးမြို့တွင် Great Wall Plaza, အခန်းအမှတ် T4-T5,31st&78th Street, ချမ်းအေးသာစံမြို့နယ်၊ ဖုန်း ၀၂-၃၉၆၃၁ နှင့် Concordia Interna-tional Co.,Ltd ရန်ကုန်မြို့ 3rd& 5thFloor,ရွှေဂုံပလာဇာ ကမ္ဘာအေးစေတီလမ်း ဗဟန်းမြို့နယ် ဖုန်း ၀၁-၅၄၄၈၂၄၊ ၅၅၈၁၇၀၊၅၄၀၀၂၆၊ Fax ဖုန်း-၅၄၄၁၉၉ Hot Line ဖုန်း-၀၁-၇၃၀၀၉၂၂၃၊ မန္တလေးမြို့တွင် အမှတ်-၅ မြေညီထပ် SY တိုက်တန်း, လမ်း ၃၀၊ ၇၇ လမ်းနှင့် ၇၈ လမ်းကြား ချမ်းအေးသာစံမြို့နယ် ဖုန်း-၀၂-၃၆၄၇၈ ၊ ၆၉၃၀၃၊ ၀၉-၅၀၆၇၀၇၂ Hotel Line ၀၂-၉၁၀၀ ၁၉၆၅နှင့် နေပြည်တော်တွင် အမှတ်(၁၄၄)၊ သီရိရတနာ အဆင့်မြင့်ဈေး (Shop-ping Complex), ဖုန်း-၀၆၇-၄၂၀ ၈၁၉၊ ၀၆၇-၄၂၁၃၆၂ Hot Line ၀၉ ၄၉၂၀၀၉၅၁ တို့သို့ ဆက်သွယ်မေးမြန်းဝယ်ယူနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

---

# ၁၉၈၁ခုနှစ် ဥပဒေတွဲ့ရများ( LL.B ပထမအမှတ်စဉ်) အာစရိယပူဇော်ပွဲနှင့် တွေ့ဆုံပွဲ ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၁၂**

ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်ဥပဒေပညာဌာနတွင် ၁၉၈၁ခုနှစ် ဘွဲ့ရ LL.B (ပထမအမှတ်စဉ်)ကျောင်းသား၊ ကျောင်းသူများ၏ တတိယအကြိမ် အာစရိယပူဇော်ပွဲနှင့် တွေ့ဆုံပွဲကို ၂၀၁၁ခုနှစ် ဇန်နဝါရီလဆန်းတွင် ကျင်းပမည်ဖြစ်ရာ အလှူငွေထည့်ဝင်လိုသူများသည် ဦးကိုကြီး ဖုန်း-၀၉-၅၁၀၅၄၂၅၊ ဦးသန်းထွန်း ဖုန်း-၀၉-၅၀၀၈၀၃၀၊ ဦးအောင်ကျော်မိုး ဖုန်း-၀၉-၅၁၈၅၆၇၈၊ ဒေါ်ခင်ချိုအုန်း ဖုန်း-၀၉-၅၁၇၂၉၂၉၊ ဒေါ်သင်းသင်းနွဲ့ ဖုန်း-၀၉-၅၃၂၁၁၄၃၊ ဒေါ်ခင်ဆွေထွန်း ဖုန်း-၀၉-၅၃၂၀၄၄၂၊ ဒေါ်ချိုမာလာ ဖုန်း-၀၉-၅၃၅၀၅၁၈၊ ဒေါ်မြအေးစံ ဖုန်း-၀၆၇-၄၁၁၁၂၃၊ ၀၆၇-၄၁၄၂၅၃၊ ဒေါ်မြသူဇာ ဖုန်း-၀၆၇-၄၀၇၃၁၁၊ ၀၉-၈၆၂၈၄၀၅နှင့် ဒေါ်အေးအေးမြင့်(အေးဘုတ်)ဖုန်း-၀၆၇-၂၁၃၅၂တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (ကြေးမုံ)

---

# MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၁၃-၁၀-၂၀၁၀ (ဗုဒ္ဓဟူးနေ့)**

AM & PM

၅း၀၀ MRTV-4 အဖွင့် Logo
ပဋ္ဌာန်းပါဠိတော်+ခန္ဓသုတ်၊
မောရသုတ်၊ ဝဋ္ဋသုတ်

၅း၂၀ MRTV-4 သတင်း

၅း၅၀ "သံယောဇဉ်"
တရားတော်
(ဆရာတော်အရှင်အဂ္ဂသာရ)

၆း၄၀ ကလောမှာထင်ရှား
"ရွှေဥမင်ဘုရား"

၆း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ**
**"လောကဝက်ပါ"(အပိုင်း-၄၂)**

၇း၃၀ MRTV-4 သတင်း

၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ**
**"အရိပ်စစ်" (အပိုင်း-၉)**

၈း၄၀ Phyu Phyu Kyaw Thein
Solo Concert (Part-3)

၉း၂၅ စီးပွားရေးလုပ်ငန်းရှင်များ
အခွင့်အလမ်းများရရှိနိုင်မည့်
Business Matching

၉း၄၅ အားကစားမြင်ကွင်းစုံ
(ကျော်ကျော်ဗိုး၊ ဖြိုးကြီး၊
မြတ်သူရ)

၁၀း၀၅ Activities In The City
[ မုဒုံမြို့နယ်အသင်း(ရန်ကုန်)၏
လောကဝိဒူဓမ္မာရုံလှူဒါန်းပွဲ
အခမ်းအနား]

၁၀း၁၀ ဓာတ်ပုံထဲမှအမှတ်တရများ
(တေးသံရှင်ငယ်ငယ်နှင့်
တွေ့ဆုံခြင်း)

၁၀း၅၀ သင်ယူလေ့လာ ဂီတပညာ
(Music Arrangement
Module;02) Intro

၁၁း၂၅ ရန်ကုန်မြင်ကွင်းကျယ်
(၁၀နှစ်ပြည့်ကမ္ဘာ့နှလုံး
ကျန်းမာရေးနေ့အခမ်းအနား)

၁၁း၄၀ MRTV-4 ကာတွန်းအစီအစဉ်
"ဒဏ္ဍာရီထဲကဓား"(အပိုင်း-၃)

၁၂း၀၅ Industrial Talk
[ဒေါက်တာမျိုးသန့်တင်၊
ဒေါက်တာတင်အောင်ရွှေ
(သုတေသီ)]

၁၂း၄၀ ကိုယ်ပိုင်ဟန်ဖက်ရှင်
(ပန်းခရမ်းပြာလန်းဖြာဖြာ)

၁း၀၀ "သံယောဇဉ်"
တရားတော်
(ဆရာတော်အရှင်အဂ္ဂသာရ)

၂း၀၀ MRTV-4 သတင်း

၂း၂၀ စကားနပန်း
(လိမ်တတ်တာကောင်းတယ်၊
မလိမ်တတ်တာကောင်းတယ်)

၃း၁၅ Activities In The City
[ မုဒုံမြို့နယ်အသင်း(ရန်ကုန်)၏
လောကဝိဒူဓမ္မာရုံလှူဒါန်းပွဲ
အခမ်းအနား]

၃း၂၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ**
**"လောကဝက်ပါ"**
**(အပိုင်း-၄၂)**

၄း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ**
**"အရိပ်စစ်" (အပိုင်း-၉)**

၄း၄၅ စီးပွားရေးလုပ်ငန်းရှင်များ
အခွင့်အလမ်းများရရှိနိုင်မည့်
Business Matching

၅း၀၅ သီချင်းကောင်းကောင်း
သီချင်းတောင်း

၅း၃၀ MRTV-4 ကာတွန်းအစီအစဉ်
"ဒဏ္ဍာရီထဲကဓား"
(အပိုင်း-၃)

၆း၀၀ MRTV-4 သတင်း

၆း၂၀ သင်ကြားရေးလမ်းညွှန်
(M.C.T.S Myanmar Computer
Training School)

၆း၄၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ**
**"လောကဝက်ပါ"**
**(အပိုင်း-၄၃)**

၇း၁၅ Phyu Phyu Kyaw Thein
Solo Concert (Part-4)

၈း၀၀ MRTV-4 သတင်း
-နိုင်ငံရေးပါတီများ၏ဟောပြော
ချက်အစီအစဉ်

၈း၃၀ ခေတ်ပြိုင်ဂီတမှတ်တိုင်များ
(တင်အောင်မိုး)

၉း၀၀ Celebrity Style
(Nကိုင်ရာ)

၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ**
**"အရိပ်စစ်"**
**(အပိုင်း-၁၀)**

၁၀း၁၀ "ချစ်အမှု"
(ဇော်လင်း၊ ခင်ယုမေ၊ ချိုပြုံး)
(ဒါရိုက်တာ-ဦးသုခ)

၁၂း၀၀ Cartoon Show Time
(Sunshine Barry and the
Disco Worms)

၁၂း၃၅ အယသမင်္ဂီတို့ဖြစ်တည်ရာ. . .

၁၂း၄၅ Industrial Talk

၁း၁၅ World of Knowledge
(Seconds From Disaster Fire
on the Ski Slope)

၂း၀၀ လူဖြစ်ရှုံးပါပြီကွာ. . .
(ရုပ်ရှင်သရုပ်ဆောင်များ)
(ဒါရိုက်တာညီညီထွန်းလွင်)

၂း၀၅ သန့်လေးသန့်နှင့်အနုပညာရှင်များ
(ဒေါက်တာခင်မောင်လွင်၊
ဒါရိုက်တာကြည်စိုးထွန်း)

၂း၄၀ ရန်ကုန်မြင်ကွင်းကျယ်
(၁၀နှစ်ပြည့်ကမ္ဘာ့နှလုံး
ကျန်းမာရေးနေ့အခမ်းအနား)

၂း၅၅ ကဏ္ဍစုံလင် အားကစားအစီအစဉ်

၃း၅၅ ကိုယ်ပိုင်ဟန်ဖက်ရှင်
(ပန်းခရမ်းပြာလန်းဖြာဖြာ)

၄း၁၅ စဉ်ဆက်မပြတ်ထိန်းသိမ်းစရာ
မြန်မာ့ရိုးရာဂီတပညာ

၄း၃၀ စိတ်ချယုံကြည် Global Wave
Technology

၄း၄၀ ကြည်ညိုဖူးမြော်
ပုပ္ပားတောင်ကလပ်စေတီတော်

၅း၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

# တိုင်းမှူး ဗိုလ်မှူးချုပ်ရဲအောင် မန္တလေးမြို့တွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြေနိမ့်ရပ်ကွက်တချို့ ရေဝင်ရောက်ရာမှ ရေလျော့နည်းမှုအခြေအနေများ ကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၁၂

**မန္တလေးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ရဲအောင်သည် တပ်မတော်အရာရှိကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါလျက် အောက်တိုဘာ ၈ ရက်တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြို့တွင်းရှိ ရပ်ကွက်တချို့ ရေဝင်ရောက်မှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။**

ရှေးဦးစွာ တိုင်းမှူးနှင့်အဖွဲ့သည် ပုသိမ်ကြီးမြို့နယ် ထုံးဘိုကျေးရွာသို့ ရောက်ရှိပြီး ကားလမ်းရေကျော်နေမှု၊ နေအိမ်များ ရေဝင်ရောက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ ရေဝင်ရောက်နေသည့် နေအိမ်များမှ မိသားစုများအား တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ခေတ္တတည်းခိုမည့်နေရာများသို့ ရွှေ့ပြောင်းပေးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် မိသားစုဝင်များ၏ နေရာချထားမှု၊ စားသောက်ရေး၊ ကျန်းမာရေးတို့အတွက် စီမံဆောင်ရွက်ရမည့် အခြေအနေများကို တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် ရေဝပ်ဧရိယာမှ မိသားစုဝင်များ ခေတ္တတည်းခိုသည့်နေရာသို့ ရောက်ရှိပြီး ထောက်ပံ့ပစ္စည်းများပေးအပ်ကာ မိသားစုများအား အားပေးစကား ပြောကြားသည်။

## ကြည့်ရှုစစ်ဆေး

တိုင်းမှူးနှင့်အဖွဲ့သည် အောက်တိုဘာ ၉ ရက်၊ ၁၀ ရက်နှင့် ၁၁ ရက်များတွင် ချမ်းမြသာစည်မြို့နယ် ကန်သာယာမြို့သစ်ရှိ အမှတ်(၂၁) အခြေခံပညာအလယ်တန်းကျောင်းသို့ ရောက်ရှိပြီး ရေဝပ်သည့် ရပ်ကွက်နေအိမ်တချို့ မိသားစုများ ခေတ္တတည်းခိုနေမှုကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရေဝပ်ဧရိယာ မိသားစုဝင်များ၏ နေရာချထားမှု၊ စားသောက်ရေး၊ ကျန်းမာရေးဆောင်ရွက်ပေးထားမှုများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ တိုင်းမှူးက မိသားစုများအား ထောက်ပံ့ပစ္စည်းများပေးအပ်ကာ ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းဆွေးနွေးပြီး မိသားစုများအား အားပေးစကား ပြောကြားသည်။

ထို့နောက် ရပ်ကွက်အတွင်း ရေစီးရေလာကောင်းမွန်ရေးဆောင်ရွက်နေမှုအခြေအနေများကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးပြီး (၆၂)လမ်းနှင့် ဇော်ဂျီလမ်းထောင့်၌ ကားလမ်းပေါ် ရေဖြတ်ကျော်စီးဆင်းမှုအခြေအနေများကိုလည်းကောင်း၊ (၆၂)လမ်း တံတားပေါ်မှ ပန်းရံတော်ချောင်းအတွင်း ရေစီးဆင်းမှုအခြေအနေများကိုလည်းကောင်း၊ ရန်ကုန်-မန္တလေးကားလမ်း တံခွန်တိုင်တံတားပေါ်မှ ရေစီးဆင်းမှုများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

## ကြည့်ရှုအားပေး

တိုင်းမှူးနှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ချမ်းမြသာစည်မြို့နယ် ကန်သာယာမြို့သစ်ရှိ အမှတ် (၂၁)အခြေခံပညာအလယ်တန်းကျောင်းသို့ ရောက်ရှိပြီး ခေတ္တတည်းခိုနေသည့် မိသားစုများအား စေတနာရှင် အလှူရှင်များ လှူဒါန်းသည့် အလှူငွေနှင့် ထောက်ပံ့ရေးပစ္စည်းများကို တာဝန်ရှိသူများ၊ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များက ပေးအပ်နေမှုကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ တိုင်းမှူးသည် ရပ်ကွက်မှတာဝန်ရှိသူများနှင့် မိသားစုများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်ပြီး မိသားစုဝင်များအား အားပေးစကားပြောကြားကာ ရပ်ကွက်အတွင်း ရေလျော့နည်းမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့မှတစ်ဆင့် တိုင်းမှူးနှင့် အဖွဲ့သည် ပြည်ကြီးတံခွန်မြို့နယ် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးသို့ ရောက်ရှိပြီး မိသားစုများအား စေတနာရှင် အလှူရှင်များ လှူဒါန်းသည့် အလှူငွေနှင့် ထောက်ပံ့ရေးပစ္စည်းများကို တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များက ပေးအပ်နေမှုကို ကြည့်ရှုအားပေးသည်။

ယင်းနောက် တိုင်းမှူးက မိသားစုများအား အားပေးစကား ပြောကြားပြီး နေအိမ်များ ရေလျော့ကျမှု အခြေအနေများကိုလည်းကောင်း၊ မိသားစုများ နေအိမ်များသို့ ပြန်လည်သွားရောက်နေထိုင်မှု အခြေအနေကိုလည်းကောင်း ကြည့်ရှုစစ်ဆေး၍ နေအိမ်များမှ မိသားစုများအား ရင်းရင်းနှီးနှီး အားပေးစကား ပြောကြားကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းအား ဂျပန်နိုင်ငံ ဒီမိုကရက်တစ်ပါတီမှ အထက်လွှတ်တော်အမတ် မစ္စတာ ခဇုယရှင်းဘာနှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

# ဝန်ကြီး ဦးဉာဏ်ဝင်းအား ဂျပန်နိုင်ငံ ဒီမိုကရက်တစ်ပါတီမှ အထက်လွှတ်တော်အမတ် လာရောက်တွေ့ဆုံ

နေပြည်တော် အောက်တိုဘာ ၁၂

**နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းအား ဂျပန်နိုင်ငံ ဒီမိုကရက်တစ်ပါတီမှ အထက်လွှတ်တော်အမတ် မစ္စတာ ခဇုယရှင်းဘာနှင့်အဖွဲ့သည် ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး မြန်မာ-ဂျပန်နှစ်နိုင်ငံဆက်ဆံရေး ပိုမိုတိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။**

ထိုသို့ တွေ့ဆုံရာတွင် နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်တင်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ အရာထမ်းများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံ စစ်သံမှူး ဗိုလ်မှူးကြီး ယူဂျီဆိုက်တိုနှင့် ဂျပန်သံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## နေပြည်တော်မြန်မာ့အသံရေဒီယိုအစီအစဉ်

(ဗုဒ္ဓဟူးနေ့-နံနက်-နေ့လယ်-ည)

၁၃-၁၀-၂၀၁၀

| | |
|---|---|
| ၇း၀၀ | အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ကြေညာချက် |
| ၇း၀၅ | (တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ တရားတော် အာဠာနာဋိယသုတ်နှင့် ဂုဏ်တော်ကွန်ချာ) မိမ္မပူဇာတေးပဒေသာ |
| ၇း၃၀ | (၃၈)ဖြာမင်္ဂလာ |
| ၇း၃၅ | နံနက်ခင်းတေးပဒေသာ |
| ၈း၀၀ | စံတော်ချိန်+သတင်း |
| ၈း၁၀ | နံနက်ခင်းတေးပဒေသာ |
| ၁၀း၀၀ | အမှတ်တရတေးလက်ဆောင် |
| ၁၀း၃၀ | သတင်းစာအာဘော် |
| ၁၀း၃၅ | တေးပဒေသာ |
| ၁၁း၀၀ | နေ့လယ်ခင်းသတင်း |
| ၁၁း၁၀ | ထူးဆန်းထွေလာ ဤမြေကမ္ဘာ(၆၁) နေ့လယ်ခင်းတေးပဒေသာ |
| ၁၁း၃၀ | ဆိုကြပျော်ရွှင်တေးသံစဉ် တေးပဒေသာ |
| ၁၂း၀၀ | စံတော်ချိန် တေးပဒေသာ |
| ၁၂း၂၅ | ဇာတ်လမ်းပမာနားဆင်စရာ (ငွေစံပယ်ကြွေလွယ်မှာစိုး) |
| ၁၂း၄၅ | တေးပဒေသာ |
| ၁း၀၀ | မွန်းလွဲပိုင်းသတင်း |
| ၁း၁၀ | တေးပဒေသာ |
| ၁း၃၀ | အစီအစဉ်ပြီး၏။ |
| ၄း၀၀ | အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ |
| ၄း၃၀ | စစ်သည်အတွက် တေးလက်ဆောင် |
| ၅း၀၀ | ခံတွင်းမြိန်စရာသူ့လက်ရာ (ငါးကြင်းဆားနယ်ဆီပြန်-ခွေးတောက်ရွက်နဲ့ဘဲဥကြော်) |
| ၅း၁၀ | Current Song |
| ၅း၂၅ | သတင်းစာဆောင်းပါး |
| ၅း၃၀ | တေးပဒေသာ |
| ၅း၃၅ | အင်္ဂလိပ်စာသုတပဒေသာ(၂၈) |
| ၆း၀၀ | ညနေခင်းသတင်း |
| ၆း၁၀ | ချစ်ခြင်းဖြေသိမ့်တေးသံငြိမ့် |
| ၆း၂၀ | ကျေးလက်ဇာတ်လမ်း (စားလို့ကောင်းသောက်လို့ကောင်း) |
| ၆း၃၀ | တူယှဉ်သီကြွေးစုံတွဲတေး |
| ၇း၀၀ | နိုင်ငံတကာသတင်း |
| ၇း၀၅ | သံစဉ်တေးသွားမေတ္တာစကား နိုင်ငံရေးဦးတည်ချက် |
| ၇း၁၅ | အနုအလှအစုံစုံသူ့ဘဝအဖုံဖုံ (ရီရီသန့်) |
| ၇း၃၀ | တေးပဒေသာ |
| ၈း၀၀ | ပြည်တွင်းသတင်း |
| ၈း၁၅ | နိုင်ငံရေးပါတီများ၏ ဟောပြောချက်များ |
| ၈း၄၀ | သူ့ခေတ်သူ့အခါတေးကမ္ဘာ စီးပွားရေးဦးတည်ချက် |
| ၈း၅၀ | သုတအဖြာဖြာတိုင်းရင်းဆေးပညာ (အာမဝါတခေါ်-အဆစ်ရောင်ရောဂါ) လူမှုရေးဦးတည်ချက် |
| ၉း၀၀ | ခံစားနားဆင်မြန်မာတေးသံစဉ် |
| ၉း၃၀ | ညချမ်းချိန်ခါတေးပဒေသာ |
| ၁၀း၀၀ | အစီအစဉ်ပြီး၏။ |

# နိုင်ငံတစ်ဝန်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဒေသအချို့၌ ရေကြီးနစ်မြုပ်မှုများဖြစ်ပွား၊ အိမ်ထောင်စုများအား ရေဘေးလွတ်ကင်းရာသို့ ရွှေ့ပြောင်းနေရာချထားပေးပြီး သက်ဆိုင်ရာက လိုအပ်သည်များကူညီဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် အောက်တိုဘာ ၁၂

**၂၀၁၀ ခုနှစ် အောက်တိုဘာ ၇ ရက်၊ ၈ ရက်နှင့် ၉ ရက်တို့တွင် နိုင်ငံတစ်ဝန်းမိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် ပြည်နယ်နှင့် တိုင်းဒေသကြီးအချို့၌ ရေကြီးနစ်မြုပ်မှု၊ ကားလမ်းနှင့်ရထားလမ်းပိုင်းနေရာအချို့တွင် ပျက်စီးမှုများရှိခဲ့ကြောင်း၊ အိမ်ထောင်စုများအား ရေဘေးလွတ်ကင်းရာသို့ ပြောင်းရွှေ့နေရာချထားပေးခဲ့ပြီး ဒေသအာဏာပိုင်များ၊ တာဝန်ရှိသူများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရသည်။**

မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်၌ အောက်တိုဘာ ၉ ရက်တွင် မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် ကန်ကောက်ရပ်ကွက်၊ ရွှေယဉ်မွန်ရပ် မီးရထားလိုင်းခန်းနေ အိမ်ထောင်စု ၂၅ စုအား ရွှေ့ပြောင်းနေရာချထားပေးခဲ့ပြီး ဒေသအာဏာပိုင်များက စားသောက်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အလားတူ ချမ်းမြသာစည်မြို့နယ် ပရံတော်ချောင်းဘေး တစ်လျှောက်ရှိ ထွန်းတုံးရပ်ကွက်၊ အောင်ပင်လယ်ရပ်ကွက်၊ ကန်သာယာရပ်ကွက်၊ မြရည်နန္ဒာရပ်ကွက်တို့ရှိ ရေဘေးသင့် အိမ်ထောင်စု ၆၀၀၀ ကျော်အား ယာယီကယ်ဆယ်ရေးစခန်းများသို့ ပြောင်းရွှေ့နေရာချထားပေးခဲ့ပြီး စားသောက်ရေးအတွက် တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များက ထမင်းထုပ်များ၊ ရေသန့်ဘူးများ၊ ဘီစကစ်မုန့်များ ဝေငှပေးခဲ့ကြောင်း၊ ရေဝင်ရောက်မှုကြောင့် သွားလာရေး အခက်အခဲရှိသော သက်ကြီးရွယ်အိုများ၊ နာမကျန်းဖြစ်သူများအား လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မန္တလေးမြို့ပေါ်ရှိ လူမှုကူညီရေးအသင်းများက ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကယ်ဆယ်ရေးစခန်းဖွင့်လှစ်ထားသည့် နေရာများသို့ မန္တလေးတိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာခင်မောင်ထွန်းနှင့် အဖွဲ့က လိုက်လံကြည့်ရှုပြီး အိမ်သာများ တည်ဆောက်ခြင်း၊ သောက်သုံးရေအတွက် လိုအပ်ချက်များကို ကူညီဆောင်ရွက်ပေးခြင်း၊ လူမှုရေးအသင်းအဖွဲ့များက အဝတ်အစားများ၊ ခေါက်ဆွဲထုပ်များ ထောက်ပံ့ခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပြည်ကြီးတံခွန်မြို့နယ်၌ ရေဘေးဒုက္ခသည် အိမ်ထောင်စု ၅၀၀၀ ခန့်အား ကယ်ဆယ်ရေးစခန်း ၂၃ ခု ဖွင့်လှစ်ထားရှိပြီး ဒေသအာဏာပိုင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များက ခေါက်ဆွဲထုပ်များ၊ ပေါင်မုန့်နှင့် မုန့်များ၊ ရေသန့်ဘူးများ၊ ထမင်းထုပ်များ ဝေငှပေးခဲ့ကြောင်း သိရသည်။

ထို့အတူ ပုသိမ်ကြီးမြို့နယ်၊ အမရပူရမြို့နယ်၊ ကျောက်ဆည်မြို့နယ်၊ မြစ်သားမြို့နယ်၊ ဝမ်းတွင်းမြို့နယ်၊ နွားထိုးကြီးမြို့နယ်တို့၌ ရေများဝင်ရောက်ခဲ့မှုကြောင့် နေရာပြောင်းရွှေ့ပေးခဲ့ရသော အိမ်ထောင်စုများအား တာဝန်ရှိသူများက ထမင်းထုပ်များ ဝေငှခြင်း၊ ကျန်းမာရေး စောင့်ရှောက်မှုများဆောင်ရွက်ပေးခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး ဒီပဲယင်းမြို့နယ်၊ အင်းတော်မြို့နယ်၊ အရာတော်မြို့နယ်၊ ရေဦးမြို့နယ်၊ မြင်းမူမြို့နယ်၊ မုံရွာမြို့နယ်တို့၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရပ်ကွက်၊ ကျေးရွာများအတွင်း ရေများ ဝင်ရောက်ခဲ့သဖြင့် အိမ်ထောင်စုများအား ပြောင်းရွှေ့နေရာချထားပေးခဲ့ပြီး ထမင်းထုပ်များ၊ ဆန်အိတ်များ၊ ရေသန့်ဘူးများ ထောက်ပံ့ပေးခဲ့ကြောင်း၊ မုံရွာ-ရွှေဘိုကားလမ်းနှင့် ကားလမ်းပိုင်းနေရာအချို့တွင် ရေကျော်နေသဖြင့် ပြုပြင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့ပြင် မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ် စကုမြို့၊ ရောဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်၊ ဘိုကလေးမြို့နယ်၊ ဒေးဒရဲမြို့နယ်၊ ကချင်ပြည်နယ် ဖားကန့်မြို့နယ်၊ ဝိုင်းမော်မြို့နယ်၊ ချင်းပြည်နယ် မတူပီမြို့နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ်၊ နမ့်ဆန်မြို့နယ်၊ ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ်၊ မင်းပြားမြို့နယ်၊ မောင်တောမြို့နယ်၊ ရမ်းဗြဲမြို့နယ်၊ တောင်ကုတ်မြို့နယ်၊ သံတွဲမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်၊ ခရမ်းမြို့နယ်တို့၌လည်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် လူနေရပ်ကွက်များအတွင်း ရေများဝင်ရောက်ခဲ့ကြောင်း၊ မြေပြိုကျပြီး လမ်းပိုင်းနေရာအချို့ ပိတ်ဆို့နေသဖြင့် ဖယ်ရှားရှင်းလင်းလျက်ရှိကြောင်း၊ ရေဘေးသင့်ပြည်သူများအား ဒေသအာဏာပိုင်များ၊ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များက လိုအပ်သည်များ ကူညီပံ့ပိုးဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်ဝင်း စက်တင်ဘာ ၂၈ ရက်က ထန်းတပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ထားရှိသည့် အင်းယားကြီး-တညင်ပင်-ဇီးဖြူသောင် ကျေးလက်လမ်း ဆောင်ရွက်ထားရှိမှုအခြေအနေကို ကွင်းဆင်းစစ်ဆေးစဉ်။**

(မြို့နယ်စည်ပင်)



# ပဲခူးမြို့နယ် ထုံးကြီးဘူတာ၌ ရပ်တန့်ထားသော ကုန်ရထားတစ်စင်းအား လူစီးစာပို့ရထားက နောက်မှ ဝင်တိုက်မိခဲ့သဖြင့် ခြောက်ဦး ဒဏ်ရာရရှိ ရထားများ ပုံမှန်ပြန်လည်ပြေးဆွဲလျက်ရှိ

နေပြည်တော် အောက်တိုဘာ ၁၂

ပဲခူးမြို့နယ် ထုံးကြီးဘူတာ၌ လမ်းရှောင်ရန် ရပ်တန့်ထားသော ရန်ကုန်-ရွှေညောင် အဆန်ကုန်ရထားတစ်စင်းအား အောက်တိုဘာ ၁၁ ရက် နံနက် ၅ နာရီ မိနစ် ၄၀ ခန့်တွင် ရန်ကုန်-မန္တလေး အဆန် လူစီးစာပို့ရထားတစ်စင်းက နောက်မှ ဝင်ရောက် တိုက်မိခဲ့သဖြင့် စာပို့ရထားပေါ်မှ အမျိုးသား ငါးဦး၊ အမျိုးသမီးတစ်ဦး စုစုပေါင်း ခြောက်ဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့ကြောင်း၊ ဒဏ်ရာရရှိသူများအနက် မြန်မာ့မီးရထားမှ တာဝန်ရှိသူများက ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ တစ်ဦး၊ ပဲခူးမြို့ပြည်သူ့ဆေးရုံကြီးသို့ နှစ်ဦး ပို့ဆောင်၍ လိုအပ်သည်များ ကူညီဆောင်ရွက်ပေးခဲ့ကာ သာမန် ဒဏ်ရာရရှိသူ သုံးဦးအားလည်း လိုအပ်သည်များ ကူညီပေးခဲ့ကြောင်း၊ ရထားလမ်း ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်ခဲ့ရာ မွန်းလွဲပိုင်းတွင် ရထားများ ပုံမှန်ပြန်လည်ပြေးဆွဲနိုင်ပြီဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

**သက်ရှိလောက**
**တည်မြဲဖို့**
**သဘာဝတောတွေ**
**ထိန်းသိမ်းစို့**



## ဝန်ကြီး ဦးခင်မောင်မြင့် ပုသိမ်-မုံရွာ ကားလမ်းမကြီး အပိုင်း(၂) ကတ္တရာလမ်း အဆင့်တိုးမြှင့်ခြင်းလုပ်ငန်း ကြည့်ရှုစစ်ဆေး

နေပြည်တော်　　အောက်တိုဘာ　　၁၂

**ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်သည် အောက်တိုဘာ ၉ ရက်တွင် မကွေးတိုင်းဒေသကြီးအတွင်းရှိ ပုသိမ်-မုံရွာကားလမ်းမကြီးအပိုင်း(၂) မိုင်တိုင်အမှတ် (၁၇၉/၆)မှ (၃၆၃/၀) အထိ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ခရိုင်နှစ်ဖွဲ့၊ အထူးအဖွဲ့ ငါးဖွဲ့နှင့် ကုမ္ပဏီအဖွဲ့ ၁၀ ဖွဲ့ စုစုပေါင်း ၁၇ ဖွဲ့ဖြင့် လမ်းချဲ့ခြင်း၊ အခြေခံလွှာခင်းခြင်း၊ ဒုတိယအခြေခံလွှာခင်းခြင်းနှင့် ကတ္တရာခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို လမ်းတစ်လျှောက် မော်တော်ယာဉ်ဖြင့် ကြည့်ရှုစစ်ဆေးသည်။**

ထို့နောက် ဝန်ကြီးသည် မိုင်တိုင်အမှတ် (၂၇၄/၆)မှ (၂၈၃/၀)အကြား မင်းဘူးခရိုင်က ကျောက်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု၊ မိုင်တိုင်အမှတ် (၂၈၈/၀)မှ (၃၀၀/၀)အထိ လမ်းအထူးအဖွဲ့ (၇)က အခြေခံလွှာခင်းခြင်းနှင့် ဒုတိယအခြေခံလွှာခင်းခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် လမ်းတစ်လျှောက် ကတ္တရာခင်းခြင်း လုပ်ငန်းများနှင့် Box Culvert များ တည်ဆောက်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

### ရှင်းလင်းတင်ပြ

ထို့နောက် လမ်းအထူးအဖွဲ့(၃) လုပ်ငန်းခွင် ရှင်းလင်းဆောင်၌ ပုသိမ်-မုံရွာလမ်းအပိုင်း(၂)ကို အနီးကပ်ကြီးကြပ်ကွပ်ကဲရန် တာဝန်ပေးထားသည့် အင်ဂျင်နီယာချုပ် ဦးသိန်းဇော်က ပုသိမ်မြို့ မိုင်တိုင်အမှတ် (၀/၀)မှ မုံရွာမြို့ (၄၅၀/၅) အထိ အပိုင်းသုံးပိုင်းခွဲ၍ ဆောင်ရွက်လျက်ရှိရာ မိမိတို့အပိုင်း (၂)ဖြစ်သည့် မိုင်တိုင်အမှတ်(၁၇၉/၆) မှ (၃၆၃/၀)ထိ ခရိုင်အဖွဲ့နှစ်ဖွဲ့၊ အထူးအဖွဲ့ငါးဖွဲ့နှင့် ကုမ္ပဏီအဖွဲ့ ၁၀ ဖွဲ့ စုစုပေါင်း ၁၇ ဖွဲ့ဖြင့် လုပ်ငန်းများ အပိုင်းလိုက်ခွဲ၍ လမ်းချဲ့ခြင်း၊ ကျောက်ခင်းခြင်း၊ ဒုတိယအခြေခံလွှာခင်းခြင်းနှင့် ကတ္တရာခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ဝန်ကြီးက မိမိတို့ တာဝန်ယူ ဆောင်ရွက်သည့် လမ်းပိုင်းအလိုက် လုပ်ငန်းများ အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်ရန်၊ လူအင်အား၊ စက်ယန္တရားအင်အားဖြင့် နေ့၊ ညမပြတ် ဆောင်ရွက်ရန်၊ လမ်း၏ အရည်အသွေး စံချိန်စံညွှန်းပြည့်မီအောင် စနစ်တကျ ဆောင်ရွက်ရန်နှင့် သတ်မှတ်ကာလအတွင်း ပြီးစီးရေး လုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဆောင်ရွက်သွားရန်တို့ကို မှာကြားပြီး လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

### ကြည့်ရှုစစ်ဆေး

**ဆောက်လုပ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့် ပုသိမ်-မုံရွာ ကားလမ်းမကြီး အပိုင်း(၂)၌ လမ်းခင်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။**

(သတင်းစဉ်)

## ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဒေါ်ခင်လှမြင့် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင်နှင့် မြို့နယ်ကော်မရှင်အဖွဲ့ ခွဲများနှင့် လုပ်ငန်းညှိနှိုင်း

**နေပြည်တော်　　အောက်တိုဘာ　　၁၂**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဒေါ်ခင်လှမြင့်နှင့် ဧရာဝတီတိုင်းဒေသကြီးကော်မရှင် အဖွဲ့ခွဲ၊ ပုသိမ်ခရိုင်နှင့် ခရိုင်အတွင်းရှိ မြို့နယ်ကော်မရှင် အဖွဲ့ခွဲများ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာ ၄ ရက် နံနက် ၁၁ နာရီတွင် ပုသိမ်မြို့ ဧရာရွှေဝါခန်းမ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ တိုင်းဒေသကြီးကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးမျိုးထွန်း၊ အတွင်းရေးမှူး ဦးမောင်မောင်နှင့် အဖွဲ့ခွဲအဖွဲ့ဝင်များ၊ ပုသိမ်ခရိုင်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးရဲဖေနှင့် အဖွဲ့ခွဲအဖွဲ့ဝင်များ၊ ပုသိမ်၊ ကန်ကြီးထောင့်၊ သာပေါင်း၊ ငပုတော၊ ရေကြည်၊ ကျုံပျော်နှင့် ကျောင်းကုန်းမြို့နယ်တို့မှ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ခွဲ အဖွဲ့ဝင်များ စုစုပေါင်း ၁၅၀ တက်ရောက်ကြသည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဒေါ်ခင်လှမြင့်က အမှာစကား ပြောကြားပြီး ခရိုင်နှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌများက လုပ်ငန်းများဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဒေါ်ခင်လှမြင့်သည် ပုသိမ်မြို့ အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်း၌ ဆောင်ရွက်ထားရှိသည့် မဲရုံသရုပ်ပြပွဲသို့ သွားရောက် ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဒေါ်ခင်လှမြင့်သည် တိုင်းဒေသကြီးကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌ ဦးမျိုးထွန်း လိုက်ပါ၍ အောက်တိုဘာ ၅ ရက်မှ ၈ ရက်အထိ မြောင်းမြ၊ ဟသ်ာတ၊ မအူပင်နှင့် ဖျာပုံမြို့များသို့ သွားရောက်၍ ခရိုင်နှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲဝင်များနှင့် တွေ့ဆုံပြီး မဲရုံသရုပ်ပြပွဲများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

### အထက(၁) ပျဉ်းမနား အာစရိယပူဇော်ပွဲ ကျင်းပမည်

**နေပြည်တော်　　အောက်တိုဘာ　　၁၂**

နေပြည်တော်ခရိုင် ပျဉ်းမနားမြို့နယ် အထက(၁) ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ တတိယအကြိမ် အာစရိယပူဇော်ပွဲကို အောက်တိုဘာ ၂၃ ရက် (စနေနေ့) မွန်းလွဲ၂ နာရီတွင် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ရတနာမွန်ခန်းမ၌ ကျင်းပမည်ဖြစ်ရာ ဆက်သွယ်လှူဒါန်းလိုသူများသည် ဦးကျော်ငြိမ်းလွင် ဖုန်း-၀၉-၈၃၀၀၈၈၁၊ ဦးသန်းဦး ဖုန်း-၀၉-၈၃၀၀၂၇၉၊ ဦးစိုင်းဘုန်းတင် ဖုန်း-၀၉-၈၃၀၁၃၁၇၊ ဦးလှမြင့် ဖုန်း-၀၉-၈၃၀၀၇၂၄၊ ဦးနီနီမောင် ဖုန်း-၀၆၇-၂၁၃၆၃နှင့် ဒေါက်တာဂျိုဂျိုစန်း ဖုန်း-၀၆၇-၂၁၁၁၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။　(သတင်းစဉ်)

## ဟိုတယ်ဝန်ဆောင်မှုနှင့် စီမံခန့်ခွဲမှု ပညာရပ်ဆိုင်ရာ သင်တန်းဆင်း

ရန်ကုန်　　အောက်တိုဘာ　　၁၂

**Star Resources Hospitality Management Academy သင်တန်းကျောင်း၏ ဟိုတယ်ဝန်ဆောင်မှုနှင့် စီမံခန့်ခွဲမှု ပညာရပ်ဆိုင်ရာ သင်တန်းဆင်းပွဲ အခမ်းအနားကို အောက်တိုဘာ ၁၀ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ နတ်မောက်လမ်းရှိ ချန်ထရီယံဟိုတယ်၌ ကျင်းပသည်။**

ရှေးဦးစွာ Star Resources မန်နေဂျင်းဒါရိုက်တာ ဒေါ်နေရည်အောင်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး သင်ကြားရေးတာဝန်ခံ ဆရာဦးစောအောင်မြစိုးက ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် သင်တန်းသား၊ သင်တန်းသူများက သင်တန်းအတွေ့အကြုံများကို ရှင်းလင်းပြောကြား၍ ဘာသာရပ်ဆိုင်ရာ သင်တန်းနည်းပြများက သင်တန်းအမှတ်စဉ်အလိုက် သင်တန်းထူးချွန်ဆုများကို ချီးမြှင့်ကြသည်။

ယင်းနောက် သက်ဆိုင်ရာ ဘာသာရပ်အလိုက် သင်တန်းနည်းပြများက Receptionist & Flight Attendant Course-2010၊ International Bakery & Pastry Course-2010၊ International Culinary Course၊ IELTS Foundation Course - 2010၊ IELTS Intensive Course-2010၊ English for Hotel and Cruise Staff-2010 တို့မှ သင်တန်းသား၊ သင်တန်းသူ ၃၅၀ တို့အား သင်တန်းဆင်း အောင်လက်မှတ်များကို ချီးမြှင့်ကြသည်။

Star Resources အနေဖြင့် ပြည်တွင်းတွင် လုပ်ငန်းအတွေ့အကြုံ ရရှိရေးအတွက် ပြည်တွင်းဟိုတယ်များ၊ စားသောက်ဆိုင်များတွင် အလုပ်အကိုင်အခွင့်အလမ်းများ စီစဉ်ပေးခြင်း၊ ပြည်ပဟိုတယ်များ၊ အပျော်စီးသင်္ဘောများ၊ လေကြောင်းလိုင်းများတွင် အလုပ်အကိုင် ရရှိရန် ဆက်စပ်ဆောင်ရွက်ပေးခြင်း စသည်ဖြင့် ဆောင်ရွက်ပေးလျက်ရှိသည်။

ရန်ကုန်မြို့တွင် တက်ရောက်နိုင်မည့် ဟိုတယ်ဝန်ဆောင်မှုနှင့် စီမံခန့်ခွဲမှုပညာရပ်ဆိုင်ရာ သင်တန်းများကို နိုဝင်ဘာလအတွင်း ဖွင့်လှစ်ပေးမည်ဖြစ်ရာ Star Resources Hospitality Management Academy တိုက်(၂၆၇) အခန်း (၃၀၂) ပြည်လမ်း မြေနီကုန်း စမ်းချောင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း- ၀၁-၅၂၃၆၂၃၊ ၅၂၃၂၀၀၊ ၄၄၁၂၂၅၆နှင့် ၀၉-၅၀၂၀ ၃၀၂ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။　(သတင်းစဉ်)





**ဟိုတယ်ဝန်ဆောင်မှု ပညာရပ်ဆိုင်ရာ သင်တန်းဆင်းပွဲတွင် Star Resources ၏ မန်နေဂျင်းဒါရိုက်တာ ဒေါ်နေရည်အောင် နှုတ်ခွန်းဆက်စကား ပြောကြားစဉ်။**

(သတင်းစဉ်)

## အမြို့မြို့အနယ်နယ်တွင် သာယာစည်ပင်



**တောင်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဗိုလ်ချုပ်လမ်း ဘဏ်မီးပွိုင့်ထောင့်အနီး ရေနုတ်မြောင်းအတွင်း အမှိုက်များနှင့် နုန်းများ ဆယ်ယူရှင်းလင်းနေမှုကို တွေ့ရစဉ်။**　(မြို့နယ်စည်ပင်)



**ကဝမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ပဲခူးလမ်းမကြီးတစ်လျှောက် လမ်းဘေး ဝဲ၊ ယာ ပေါင်းမြက်များ ရှင်းလင်းခြင်း၊ ရေမြောင်းများတူးဖော်ခြင်းနှင့် ပန်းအလှပင်များ စိုက်ပျိုးခြင်း ဆောင်ရွက်ကြစဉ်။**　(မြို့နယ်စည်ပင်)



**သံဖြူဇရပ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ပင်စျေးအတွင်း မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ရေစင်၊ ရေငုတ်၊ ရေစက် စသည့် လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို ကွင်းဆင်းစစ်ဆေးစဉ်။**　(မြို့နယ်စည်ပင်)



**ရှမ်းပြည်နယ် (တောင်ပိုင်း) နမ့်စန်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က လွိုင်ဆိုင်းကျေးရွာ အပိုင်း(၃) ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ကြစဉ်။**　(မြို့နယ်စည်ပင်)



**မြစ်သားမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြစ်သားဈေးကြီးအတွင်း မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် မီးငြိမ်းသတ်မှု ဇာတ်တိုက်လေ့ကျင့်ဆောင်ရွက်စဉ်။**　(မြို့နယ်စည်ပင်)

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

## ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

## တောတွင်းလူသား သတ္တဝါကြီးကို ရှာဖွေရန် တရုတ်နိုင်ငံရှိ သုတေသနအဖွဲ့ စီစဉ်

အင်တာနက် သုတေသန သိပ္ပံ သတင်း

ဘာသာပြန် စံစံ

ဝူဟန် အောက်တိုဘာ ၁၂

**တရုတ်နိုင်ငံအလယ်ပိုင်း ဟူဘေးပြည်နယ်ရှိ သုတေသနအဖွဲ့အစည်းတစ်ရပ်သည် ရှန်နန်းဂီ သစ်တောဒေသ၌ တောတွင်းလူသားသတ္တဝါကြီးကို ရှာဖွေရန် အစီအစဉ်ရေးဆွဲလျက်ရှိကြောင်း သုတေသီတစ်ဦးက အောက်တိုဘာ ၉ရက်တွင် ပြောကြားသည်။**

လူသားတစ်ဝက်၊ လူဝံတစ်ဝက် ကိုယ်ခန္ဓာ ပုံသဏ္ဌာန်ရှိသော တောတွင်းလူသားသတ္တဝါကြီးများသည် တောတွင်း၌ အမှန်တကယ် ကျက်စားနေထိုင်ခြင်း ရှိမရှိ သိပ္ပံနည်းကျ သုတေသနပြုလုပ်သွားမည်ဖြစ်ကြောင်း ဟူဘေးပြည်နယ် တောတွင်းလူသား သုတေသနအသင်း၏ ဒုတိယဥက္ကဋ္ဌ လျူဘောင်ရှန်က ပြောကြားသည်။

သိပ္ပံပညာရှင်များနှင့် စူးစမ်းလေ့လာသူ ၁၀၀ ကျော် ပါဝင်သော တောတွင်းလူသား သုတေသနအသင်းသည် လွန်ခဲ့သည့်နှစ်ပေါင်း ၃၀ ခန့်က တောတွင်းလူသားရှာဖွေရေး သုတေသနလုပ်ငန်းတစ်ရပ်ကို လုပ်ကိုင်ခဲ့ပြီးနောက် ယခုတစ်ကြိမ် ထပ်မံလုပ်ဆောင်ရန် ကြိုးပမ်းခြင်းဖြစ်သည်။

ရှန်နန်းဂီ သစ်တောဒေသ၌ တောတွင်းလူသားနေထိုင်သည်ကို တွေ့မြင်ခဲ့ရသည်ဟု ထုတ်ဖော်ပြောဆိုသူ ၄၀၀ ကျော်ရှိကြောင်း၊ သို့ရာတွင် ယင်းသို့ တွေ့ရှိချက်နှင့် ပတ်သက်၍ ခိုင်မာသော အထောက်အထား မတွေ့ရှိရသေးကြောင်း လျူဘောင်ရှန်က ပြောကြားသည်။

တောတွင်းလူသားသတ္တဝါကြီးသည် ဒေါင်လိုက်အနေအထားဖြင့် လမ်းလျှောက်နိုင်ပြီး အရပ် နှစ်မီတာကျော်ရှိကြောင်း၊ နီညိုရောင် သို့မဟုတ် အနက်ရောင် အမွေးအမှင်များက ကိုယ်ခန္ဓာကို ဖုံးအုပ်ထားကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားကြသည်။

တောတွင်းလူသားသတ္တဝါကြီး စူးစမ်းလေ့လာရေးအဖွဲ့၌ ပါဝင်လိုသူများသည် အသက် ၂၅ နှစ်မှ ၄၀ အကြားရှိရန်၊ ကျန်းမာရေးကောင်းမွန်ရန်၊ ဇီဝဗေဒကို အခြေခံအားဖြင့် နားလည်သူဖြစ်ရန်နှင့် ကင်မရာ အသုံးပြုတတ်သူဖြစ်ရန် လိုအပ်ကြောင်း လျူဘောင်ရှန်က ပြောကြားသည်။ ***အင်တာနက်။***



လူသားတစ်ဝက်၊ လူဝံတစ်ဝက် ကိုယ်ခန္ဓာပုံသဏ္ဌာန်ရှိသော တောတွင်းလူသား သတ္တဝါကြီးကို တရုတ်သုတေသီများ ရှာဖွေတော့မည်ဖြစ်သည်။ *(ဓာတ်ပုံ-အင်တာနက်)*

## ဘင်္ဂလားပင်လယ်အော် အလယ်ပိုင်း၌ လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်

**နေပြည်တော် အောက်တိုဘာ ၁၂**

ယနေ့ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နေကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

## ဒုဋ္ဌဝတီမြစ် မြစ်ရေကြီးမှု အခြေအနေ

**နေပြည်တော် အောက်တိုဘာ ၁၂**

**ဒုဋ္ဌဝတီမြစ်ရေသည် ယနေ့ မွန်းလွဲပိုင်းတွင် တိုင်းထွာချက်အရ မြစ်ငယ်မြို့တွင် ၉၁၃ စင်တီမီတာသို့ ရောက်ရှိနေသည်။**

**အဆိုပါ မြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၂၄ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၈၇၀ စင်တီမီတာ အထက်တွင် ဆက်လက် တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။**

(သတင်းစဉ်)

အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းရေးပါတီ ပြန်ကြားရေးတာဝန်ခံ ဦးမူဟာမတ်ဆော်လိမ်၏ ဟောပြောတင်ပြချက်ကို စာမျက်နှာ(၄)နှင့် မြို့(ခေါ်) ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးကျော်ထွန်းခိုင်၏ ဟောပြောတင်ပြချက်ကို စာမျက်နှာ(၅)တွင် ဖော်ပြထားပါသည်။